# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပဌမဝါဆိုလဆန်း (၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (18-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များကို နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုဆုငွေများချီးမြှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ရေကူးအားကစားနည်းတွင် ရွှေတံဆိပ်နှစ်ခုနှင့် ငွေတံဆိပ်နှစ်ခုရရှိခဲ့သည့် မောင်အောင်မြင့်မြတ်ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ သုံးလုံးပစ်ပြိုင်ပွဲနှင့် သုံးပြားပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခုနှင့် လုံးတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုရရှိခဲ့သည့် မထက်ထက်အေးကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၁၇**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖိတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များကို နိုင်ငံတော်မှ ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင် **Exhibition Venue Award** ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

**ရတနာပုံ ခန်းမ**





**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဓိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊
ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊ မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက်
အယ်ဒီတာ့အာဘော်

# သန္ဒေတောထွက် ဓမ္မစကြာ် လထူးလမြတ်

ဝါဆိုလသည် မြန်မာလများတွင် စတုတ္ထမြောက်လဖြစ်ပြီး နွေအကုန် မိုးအကူး လတစ်လဖြစ်ပါသည်။ ကောင်းကင်ယံတစ်ခွင်၌ မိုးသံလေသံများညံပြီး မိုးဖြိုင်ဖြိုင်ရွာသည့်လဖြစ်သည့်အတွက် သစ်ပင်ပန်းမန်များ စိမ်းစိမ်းစိုစိုရှိပြီး သစ်ပင်စိုက်ပွဲတော်များ စည်စည်ကားကားစတင်ကျင်းပသောလလည်းဖြစ်ပါသည်။

ပုဂံခေတ်က ဝါဆိုလကို မြွယ်တာ ဟုအသုံးများသည်။ ဗေဒင်အရ ကရကဋ်ရာသီဟုခေါ်ပြီး ရာသီရုပ်မှာ ပုစွန်လုံးဖြစ်သည်။ ပုန်းညက်ပန်း၊ မြတ်လေးပန်းတို့မှာ ဝါဆိုလ၏ ရာသီပန်းများဖြစ်ကြသည်။ ဝါဆိုလပြည့်နေ့သည် ဘုရားရှင် ပဋိသန္ဓေနေတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ တရားဦးဓမ္မစကြာ ဟောကြားတော်မူခြင်း၊ ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာပြသတော်မူခြင်း ဟူသော ဘာသာရေးမှတ်တိုင်နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ထို့ပြင် သံဃာတော်များသည် မြတ်စွာဘုရားရှင်၏ ဆုံးမဩဝါဒအတိုင်း ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသည်။ ဝါဆိုလပြည့်ကျော်တစ်ရက်နေ့တွင် နိုင်ငံတစ်ဝန်း၌ အချို့ဒေသများတွင် ဝါဆိုပန်းခူးဆွတ်သည့်အလေ့ ရှေးမှစ၍ ယနေ့တိုင်ရှိနေပြီး ဘုရားကပ်လှူရန်ရည်ရွယ်၍ ပန်းများပျော်ပျော်ရွှင်ရွှင် ခူးဆွတ်ဆင်နွှဲကြခြင်းဖြစ်သည်။ ဝါဆိုပန်းများ၊ ဝါဆိုဖယောင်းတိုင်ကြီးများ၊ လှူဖွယ်ပစ္စည်းများနှင့်အတူ ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲများလည်း ဆင်နွှဲကျင်းပကြလေ့ရှိသည်။

ဝါဆိုလ၏ ရာသီပွဲတော်မှာ ပဋ္ဌာန်းခံပွဲဖြစ်သည်။ ရှေးမြန်မာမင်းများလက်ထက်က နယုန်လ စာပြန်ပွဲတွင် စာအောင်ကြသူများအနက် မပြည့်စုံကြသော ပြည်သူတို့ကို ဘုရင်မင်းမြတ်ကဦးစီး၍ ရှင်အဖြစ်လည်းကောင်း၊ ရဟန်းအဖြစ်လည်းကောင်း ရှင်ပြုရဟန်းခံခြင်းများကို တခမ်းတနားကျင်းပပြုလုပ် ကုသိုလ်ယူလေ့ရှိရာ ဝါဆိုလပဋ္ဌာန်းခံပွဲဟူ၍ ဆယ့်နှစ်လရာသီပွဲတော်တစ်ခုအဖြစ်တွင်ကျန်ရစ်နေခြင်းဖြစ်သည်။ နောက်ပိုင်းကာလများတွင် ရှင်ပြုပွဲ၊ ပဋ္ဌာန်းခံပွဲတို့ကို ဝါတွင်းကာလသာမဟုတ် ရာသီဥတုနှင့် ဝင်ငွေအဆင်ပြေသည့်လများတွင် ကျင်းပကြမှုများပြားသည်။ အထူးသဖြင့် ကျောင်းပိတ်ချိန်ကာလများတွင် အများဆုံးကျင်းပလေ့ရှိသည်။

ဝါဆိုလသည် တရားဓမ္မဆိုင်ရာ ဝေဝေစည်စည်ကျင်းပကြသော်လည်း ရှေးကာလကတည်းကပင် လယ်ယာမိုးမြေလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်လေ့ရှိသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအဓိကထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ လယ်ယာလုပ်ငန်းသည် အဓိကအရင်းခံစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး ဝါဆိုမိုးနှင့်အတူ နိုင်ငံတစ်ဝန်း၌ လယ်လုပ်ငန်းများကို တောင်သူလယ်သမားများက တက်ကြွစွာ လှုပ်ရှားဆောင်ရွက်ကြသည်။ ဝါဆိုလမြင်ကွင်းတွင် ဝါဆိုတော်မူနေသော ရဟန်းသံဃာတော်များနှင့်အတူ တက်ကြွလန်းဆန်းရွှင်မြူးနေသော လယ်လုပ်ငန်းရှင်တို့မှာ ဒင်္ဂါးပြားခေါင်းနှင့် ပန်းသဖွယ် ယှဉ်တွဲလျက်ရှိပေသည်။

ဝါဆိုကာလသည် ဗုဒ္ဓဘာသာမြန်မာတို့အတွက် မွန်မြတ်သောလတစ်လဖြစ်ပါသည်။ ဝါဆိုကာလကစ၍ တရားဓမ္မသံများ ဝေစည်လျက်ရှိသည့် လောကီကာမဂုဏ်ကိစ္စများဖြစ်သည့် ထိမ်းမြားလက်ထပ်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများပင် ခေတ္တရပ်နားထားကြသည်။ သက်ကြီး၊ ဝါကြီးပုဂ္ဂိုလ်များကို ပူဇော်ကန်တော့ပွဲများလည်း ကျင်းပလေ့ရှိပြီး နိုင်ငံတစ်ဝန်း၌ ကုသိုလ်ကောင်းမှုများဖြင့် တိုးပွားပြည့်စုံနေသော လတစ်လဖြစ်ရာ ရခဲလှသောလူ့ဘဝအချိန်ကာလအတွင်း ဝါဆိုဆန်းစအချိန်ကာလကစ၍ ကောင်းမှုကုသိုလ်တရားများ ပွားများကြပါရန် နှိုးဆော်ရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇွန် ၁၇**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ဦးရေ ၃၁၀၅၆၀ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ်လာရောက်ဖူးမြော်ကြပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်စောင်းတန်းကြီး လေးသွယ်ကလဲ တက်ရောက်ဖူးမြော်ကြပါတယ်။ စောင်းတန်းလမ်းခရီးမှာ အမောပြေနားဖို့ ခုံတွေပြုလုပ်ပေးထားပြီး ရေချမ်းစင်တွေလဲ ပြုလုပ်ပေးထားပါတယ်။ ရင်ပြင်တော်ပေါ်မှာ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာအနားယူအပန်းဖြေပြီး ဖူးမြော်ကြတာကိုတွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပါတယ်။ မန္တလေးမြို့ရဲ့ အလှအပရှုခင်းတွေကိုလဲ မှန်ဘီလူးတွေနဲ့ ကလေး၊ လူကြီးတွေ ကြည့်ရှုခံစားနေကြတာကိုတွေ့ရပါတယ်။ မြွေကြီးနှစ်ကောင်ဘက်မှာလဲ ကြည့်ရှုသူတွေနဲ့ စည်ကားနေပါတယ်"ဟု မန္တလေးတောင်တော်ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေး တောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၂၅၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၃၀၇၂၁၃ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၀၉၇ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစနကျောက်စိမ်းစေတီတော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။

(၁၈၅)

# တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ငရုတ်သီးခြောက်များ ဈေးကောင်းရရှိ

**မန္တလေး ဇွန် ၁၇**

မြန်မာထွက်ကုန်သီးနှံဖြစ်သော ငရုတ်သီးခြောက်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာ ဈေးကောင်းရရှိနေကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က ပြောပြ၍ သိရသည်။

မြန်မာမျိုးငရုတ်သီးခြောက်များကို တရုတ်နိုင်ငံက ကြိုက်နှစ်သက်၍ ဝယ်ယူမှုများရှိခြင်းကြောင့် ဇွန်လပထမပတ်မှစ၍ တောင်သူများက တင်ပို့ရောင်းချနေကြကြောင်း၊ ၎င်းငရုတ်သီးခြောက်များကို တရုတ်နိုင်ငံသို့ ၁၀ တန်ပါသည့် ၁၂ ဘီးကား သုံးစီးမှ လေးစီးထိ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ အရည်အသွေးကောင်း ငရုတ်သီးခြောက်များတင်ပို့ရောင်းချရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀ ဈေးကောင်းဖြင့် ရောင်းချနေရကြောင်း သိရသည်။

"တရုတ်နိုင်ငံက မြန်မာထွက်ကုန်ငရုတ်သီးခြောက်ကို ကြိုက်နှစ်သက်တာကြောင့် တင်ပို့ရောင်းချနေပါတယ်။ တောင်သူတွေက ငရုတ်သီးတွေကို ခူးဆွတ်ပြီးအစိုမရောင်းကြဘဲ အခြောက်လှန်းပြီး လှောင်ထားတာတွေရှိပါတယ်။ လက်ရှိရောင်းချနေရာမှာတော့ ဈေးကောင်းရရှိနေပါတယ်။ ငရုတ်သီးခြောက်ကိုပဲ တင်ပို့သွားမှာပါ။ ငရုတ်သီးခြောက်လိုင်းက ဈေးကောင်းရရှိဖို့ အလားအလာကောင်းပါတယ်။ ဈေးကောင်းတွေ ရရှိလာတဲ့အတွက် တောင်သူတွေအနေနဲ့ အဆင်ပြေကြပါတယ်"ဟု ဒေါ်ဥမ္မာကျော်က ပြောပြသည်။

လက်ရှိ တင်ပို့ရောင်းချပေးနေသည့် ငရုတ်သီးခြောက်အမျိုးအစားများမှာ ၇၇၇ ငရုတ်၊ ၉၉၉ ငရုတ်၊ ဆန်းရှိုင်းငရုတ်နှင့် စတားဟော့ငရုတ်မျိုးများဖြစ်ကြောင်း၊ အဆိုပါ ငရုတ်များကို ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးကြကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၅)

# ဧရာဝတီမြစ်အတွင်း မင်းကွန်းအနီးတွင် ဧရာဝတီလင်းပိုင် အကောင်ရေ ၂၀ ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိ

**မန္တလေး ဇွန် ၁၇**

ဧရာဝတီမြစ်အတွင်း မင်းကွန်းအနီးတွင် ဧရာဝတီလင်းပိုင် အကောင်ရေ ၂၀ ခန့် ပြောင်းရွှေ့ကျက်စားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သောကြောင့် ဧရာဝတီလင်းပိုင်များ ကျက်စားလျက်ရှိသည့် နေရာများကို လိုက်လံကြည့်ရှုကြောင်း၊ ဧရာဝတီလင်းပိုင်များ၏ ကျက်စားနေထိုင်သည့်နေရာကို အတိအကျသိရှိနိုင်ရန် တာဝန်ရှိသူများသည် ယနေ့နံနက် ၈ နာရီက စက်လှေဖြင့် ဧရာဝတီလင်းပိုင်များကို သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်ထဲမှာ ရေများချိန်ကာလဖြစ်တာကြောင့် လင်းပိုင်တွေအစာပေါတဲ့နေရာတွေကို ပြောင်းရွှေ့နေထိုင်ကျက်စားကြတယ်။ ဇွန်လပထမပတ်အတွင်းကတော့ ဧရာဝတီလင်းပိုင်တွေ မတ္တရာမြို့နယ် စိန်ပန်းကုန်းကျေးရွာမှာ အုပ်စုလိုက်နေထိုင်ကျက်စားကြတယ်။ ဒီနေ့လင်းပိုင်ထိန်းသိမ်းရေးဇရိယာထဲ သွားကြည့်တော့ မင်းကွန်းဒေသအနီးမှာ ဧရာဝတီလင်းပိုင်အကောင်ရေ ၂၀ လောက်ပြောင်းရွှေ့နေထိုင်ကျက်စားနေတာတွေ့ခဲ့ရတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဇရိယာဖြစ်သည့် မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသည့် ဧရာဝတီလင်းပိုင်များ ဇွန်လအတွင်း သေဆုံးမှုမရှိသေးကြောင်း၊ အလားတူ မန္တလေး-ကျောက်မြောင်းကြားတွင် နေထိုင်ကျက်စားလျက်ရှိသော ဧရာဝတီလင်းပိုင်များကို ရေလုပ်သားများအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တရုတ်နိုင်ငံ နန်နင်းမြို့၌ကျင်းပမည့် China -ASEAN Sugar Expo 2023 ကုန်စည်ပြပွဲတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသမည်

**ရန်ကုန် ဇွန် ၁၇**

တရုတ်နိုင်ငံ နန်နင်းမြို့၌ ကျင်းပမည့် China-ASEAN Sugar Expo 2023 ကုန်စည်ပြပွဲတွင် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) မှ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းက ပြောပြ၍ သိရသည်။

တရုတ်နိုင်ငံ နန်နင်းမြို့ရှိ Nanning International Convention and Exhibition Center တွင် အဆိုပါ China -ASEAN Sugar Expo 2023 ပြပွဲကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၂ ရက်ထိ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် တရုတ်နှင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၄၀ ကျော်မှ သကြားနှင့် ဆက်စပ်သည့် လုပ်ငန်းရှင်များက ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"တရုတ်နိုင်ငံ နန်နင်းမြို့မှာ ကျင်းပမဲ့ China -ASEAN Sugar Expo 2023 ပြပွဲမှာ ပါဝင်ပြသမဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တွေအတွက် သုံးမီတာ အကျယ်အဝန်းရှိတဲ့ ပြခန်းတွေ သတ်မှတ်ပေးထားပါတယ်။ ပြခန်းတစ်ခန်းအတွက် ယွမ်ငွေ ၇၀၀၀ ပေးသွင်းပြသရမှာဖြစ်ပြီး အာဆီယံနိုင်ငံတွေအတွက် သုံးမီတာပတ်လည် ပုံမှန်ပြခန်းလေးခန်းကို အခမဲ့ပံ့ပိုးပေးမှာဖြစ်ပါတယ်။ ပြပွဲမှာမြန်မာစီးပွားရေးလုပ်ငန်းရှင်တွေက နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်တွေ့ဆုံမှုတွေ ရရှိနိုင်ပြီး ဆွေးနွေးပွဲတွေ ဆောင်ရွက်နိုင်မှာဖြစ်သလို ရင်းနှီးမြှုပ်နှံမှုတွေလဲ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒီပြပွဲကို တက်ရောက်မဲ့ မြန်မာစီးပွားရေးလုပ်ငန်းရှင်အယောက် ၃၀ လောက် စာရင်းပေးသွင်းထားပါတယ်"ဟု ဗဟိုအလုပ်အမှုဆောင် ဒေါက်တာအောင်ဝင်းက ပြောပြသည်။

အဆိုပါပြပွဲတွင် သကြားနှင့်ဆက်စပ်သော အစားအစာများ၊ ကော်ဖီစေ့များ၊ သစ်သီးများ၊ သစ်သီးဖျော်ရည် ကုန်ကြမ်းများ၊ ဟင်းရွက်ဆီများ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ အရှေ့တောင်အာရှမှ ဆန်ကွဲများနှင့် ပဲများစသည့်ကုန်ကြမ်းပစ္စည်းများ ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ASH



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓမ္မတာဝါနာသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာနေ ဦးတင်ရ-ဒေါ်ငွေခင် မိသားစုက ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဦးညွန့်သန်းက လက်ခံရယူစဉ်။

# နိုင်ငံတကာအဆင့်မီကော်ဖီကို ပြည်ပဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေး အစိုးရ၊ အသင်းအဖွဲ့နှင့် စိုက်ပျိုးထုတ်လုပ်သူများ ပူးပေါင်းဆောင်ရွက်မည်



**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတကာအဆင့်မီကော်ဖီကို ပြည်ပဈေးကွက်များသို့ တိုးမြှင့်တင်ပို့နိုင်ရေးနှင့် ဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် အစိုးရ၊ အသင်းအဖွဲ့နှင့် စိုက်ပျိုးထုတ်လုပ်သူများ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံ၌ အာရေဗီကား (Arabica) ကုန်းမြင့်ကော်ဖီနှင့် ရိုဘတ်စတာ (Robusta) မြေပြန့်ကော်ဖီများကို စိုက်ပျိုးထုတ်လုပ်ကာ ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၁၄ နိုင်ငံသို့ တင်ပို့ရောင်းချပေးလျက်ရှိကြောင်း၊ ထိုသို့ တင်ပို့ရောင်းချပေးရာတွင် ဈေးကွက်ဝင် ကော်ဖီအဆင့်မှ အထူးတန်းဝင် ကော်ဖီအဆင့်ထိ အဆင့်မြှင့်တင်ထုတ်လုပ်ကာ အမေရိကန်၊ ကနေဒါ၊ အီးယူ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ ယူအေအီး၊ တရုတ်နှင့် ထိုင်းနိုင်ငံ အပါအဝင် ဖောက်သည်ဈေးကွက်နိုင်ငံ ၁၄ နိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖောက်သည်ဈေးကွက်နိုင်ငံများအနက် ဂျပန်၊ တရုတ်၊ ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံက မြန်မာ့ကော်ဖီတင်သွင်းမှုအတွက် သွင်းကုန်ခွန်ကောက်ခံမှုကို ဖြေလျှော့ပေးထားကြောင်း၊ မြန်မာ့ကော်ဖီများအနေဖြင့် အဆိုပါဖောက်သည် ဈေးကွက်နိုင်ငံများတွင် အထူးတန်းဝင် အမျိုးအစား ကော်ဖီစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၅၀၀ ခန့်ရရှိပြီး ပုံမှန်ဈေးကွက်ဝင် ကော်ဖီအမျိုးအစား တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀၀ မှ ၄၅၀၀ ထိ ရရှိနေကြောင်း သိရသည်။ SKL

# အမရပူရမြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းကြယ်သီးထိုးသင်တန်းဆင်း

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းကြယ်သီးထိုး သင်တန်းဆင်းပွဲကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းကြယ်သီးထိုးသင်တန်းကို အမရပူရမြို့နယ်အတွင်းရှိ ဝါရုံပင်ကျေးရွာ၊ ဝဲကြီးစင်ရွာကျေးရွာ၊ နတ်ရေကန်ကျေးရွာတို့မှ သင်တန်းသူ ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြနှစ်ဦးက ပန်းကြယ်သီးထိုးနည်းအမျိုးအစား ၂၅ မျိုးကို ဇွန် ၁၀ ရက်မှ ၁၆ ရက်ထိ ခုနစ်ရက်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အခမ်းအနားသို့ အမရပူရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသိန်းထိုက်ဦး၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# စေတုတ္တရာမြို့နယ် အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေး

**စေတုတ္တရာ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ အောက်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကျေးရွာရပ်မိရပ်ဖများ၊ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် ကျေးရွာကော်မတီဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောက်ပုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ(**



# ပညာ သို့မဟုတ် ခွဲခြားသိမြင်နိုင်တဲ့အသိဉာဏ်

ကိုယဉ်ချစ်(မန္တလေး)

ဘဝတစ်ခုရပ်တည်ရှင်သန်နိုင်ဖို့အတွက် လူတိုင်းက နေ့စဉ်နဲ့အမျှ လုပ်ကိုင်ရှာဖွေနေကြရတယ်။ လုပ်ကိုင်ရှာဖွေကြတာမှန်ပေမဲ့ ရှာဖွေတဲ့ပုံစံကတော့ တစ်ယောက်နဲ့ တစ်ယောက် မတူညီကြပါ။ ပညာဆိုတဲ့ ခွဲခြားသိမြင်နိုင်တဲ့အသိဉာဏ်တွေ၊ အတတ်ပညာတွေကို အသုံးချပုံချင်းကွဲပြားခြားနားကြတယ်။

ပညာဆိုတာ ယေဘုယျအနေနဲ့ အသိပညာနဲ့ အတတ်ပညာဆိုပြီး ခွဲခြားနိုင်တယ်။ အသိပညာဆိုတာ ကြားမြင်ရာမှဖြစ်ဖြစ်၊ ဖတ်ရှုလေ့လာရာမှဖြစ်ဖြစ် ရတဲ့ပညာ။ အတတ်ပညာဆိုတာ နှုတ်မှု၊ လက်မှုပညာလို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ အသိပညာမှာ အသိဆိုတာ ဆင်ခြင်တတ်မှု၊ နားလည်တတ်မှုဖြစ်ပြီး အသိကိုအခြေခံထားတဲ့ဉာဏ်ကို အသိဉာဏ်လို့ဆိုပါတယ်။ အသိဉာဏ်ဆိုတာ တွေးခေါ်မြော်မြင်တတ်တဲ့၊ ဆင်ခြင်တတ်တဲ့ဉာဏ်ပါပဲ။ အတတ်ပညာမှာတော့ အတတ်ဆိုတာက နှုတ်မှု၊ လက်မှုစွမ်းရည်ကို ဆိုပါတယ်။ တချို့က အသိပညာပိုင်းမှာထူးချွန်တယ်၊ တချို့က အတတ်ပညာပိုင်းမှာထူးချွန်တယ်။ တချို့ကတော့ အသိပညာကော အတတ်ပညာပါ ထူးချွန်ကြတယ်။ ပညာဆိုတာ လူ့ဘဝအတွက် အရေးပါတာကြောင့် မိဘတိုင်းဟာ သားသမီးတွေကို ငယ်ရွယ်စဉ်ကတည်းက ပညာတွေတတ်မြောက်အောင်သင်ကြားပေးကြတယ်။

အသိပညာ၊ အတတ်ပညာတွေကို အသုံးချတဲ့အပေါ်မူတည်ပြီး လုပ်ပုံကိုင်ပုံတွေ၊ လုပ်နည်းလုပ်ဟန်တွေကွဲပြားသွားပြီး အလုပ်ရဲ့အရည်အသွေး၊ အရည်အချင်းတွေလဲ ကွဲပြားခြားနားသွားကြတယ်။ အဲဒီကွဲပြားခြားနားမှုတွေက ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာတွေ ဖြစ်သွားကြတယ်။ ဒါကြောင့် ပညာဆိုတဲ့ ခွဲခြားသိမြင်နိုင်တဲ့အသိဉာဏ်ဟာ လူတွေရဲ့ အဆင့်အတန်းအမျိုးမျိုးကို ကွဲပြားစေနိုင်တဲ့အရာတစ်ခုဆိုတာ သိမြင်ကြရပါမယ်။

ပညာပွားရာ အကြောင်းတရားရှစ်ပါးကို ရှင်မဟာရဋ္ဌသာရက သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ အက္ခရာစွဲသုံး၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့ အစချီတဲ့ သုစိပုဘာဆုံးမစာနဲ့ ရေးသားဆုံးမခဲ့ပါတယ်။ ဒီပညာပွားရာ အကြောင်းတရားရှစ်ပါးကတော့ "သု=သုတေယျ=ကြားနာရာ၏။ စိ=စိန္တေယျ=ကြံစည်ရာ၏။ ပု=ပုစ္ဆေယျ=မေးမြန်းရာ၏။ ဘာ= ဘာသေယျ=ပြောဆိုရာ၏။ ဝိ=ဝိစာရေယျ=စူးစမ်းဆင်ခြင်ရာ၏။ လိ=လိခေယျ=ရေးသားရာ၏။ သိ=သိက္ခေယျ=လေ့ကျင့်ရာ၏။ ဓာ=ဓာရေယျ=နှုတ်ငုံဆောင်ရာ၏"တဲ့။

ပညာပွားရာအကြောင်းတရားရှစ်ပါးကို လိုက်နာကျင့်သုံးနိုင်မယ်ဆိုရင် လူတိုင်းမှာရှိသင့်တဲ့၊ လိုအပ်နေတဲ့ ခွဲခြားသိမြင်နိုင်တဲ့ အသိဉာဏ်တွေပိုင်ဆိုင်လာနိုင်ပြီး ဘဝခရီးတစ်လျှောက်လုံး တိုးတက်ကြီးပွားစေနိုင်တဲ့လမ်းစကို ရှာတွေ့နိုင်မှာဖြစ်ပါတယ်။ အက္ခရာရှစ်လုံးဆိုတဲ့အရေအတွက်က နည်းပေမဲ့ အက္ခရာတစ်လုံးချင်းရဲ့ အနက်အဓိပ္ပာယ်တွေဟာ ကျယ်ဝန်းနက်ရှိုင်းလှပါတယ်။

**ကြားနာ**

ကြားနာတယ်ဆိုတာ နားနဲ့သိတာ၊ သိစေတာပါ။ တရားပွဲတွေမှာ တရားနာယူတာ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲတွေမှာ တက်ရောက်နားထောင်တာမျိုးတွေပေါ့။ မကြားနာခင်က မသိရသေးတဲ့အသိတွေကို သိလာရတယ်။ သိလာတဲ့အသိတွေထဲမှာ ကိုယ်မှန်တယ်ထင်ထားပေမဲ့ မှားနေတဲ့အသိတွေ၊ အသုံးမဝင်ဘူးလို့ မှတ်ယူထားပေမဲ့ တန်ဖိုးရှိတဲ့အသိတွေ သိလာရပါတယ်။ ကြားနာပါများလာတော့ အသိတရားတွေထဲက အမှန်နဲ့ အမှားကို ခွဲခြားလာနိုင်တယ်။ မကောင်းတဲ့အသိတွေ၊ မှားပြီးသိထားတဲ့အသိတွေကို သိလာပြီး ရှောင်ကြဉ်လာနိုင်တယ်။ ပြင်ဆင်လာနိုင်တယ်။ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းလောက်ကြားနာလိုက်ရတဲ့အသိတစ်ခုဟာ ဘဝတစ်ခုလုံးကို ပြောင်းလဲသွားစေတယ်။ တိုးတက်မှုတွေနဲ့ ပြောင်းလဲသွားတာမျိုး ဖြစ်တတ်သလို ဆုတ်ယုတ်ပျက်စီးမှုတွေနဲ့ ပြောင်းလဲသွားတာမျိုးတွေလဲ ဖြစ်သွားနိုင်ပါတယ်။

ကြားနာတယ်ဆိုပေမဲ့လဲ အမှန်နဲ့အမှားကို ဝေဖန်ပိုင်းခြားပြီးမှ လက်ခံသင့်တာကို လက်ခံသင့်ပါတယ်။ သူများယောင်လို့ယောင်၊ အမောင်တောင်မှန်းမြောက်မှန်းမသိဆိုစကားလို သူပြောလူပြောများလို့ လက်ခံယုံကြည်တာမျိုးလဲ မဖြစ်သင့်ပါ။ အချို့ကိစ္စတွေဟာ ကာလဒေသအခြေအနေပေါ်မှာ ပယောဂပူးကပ်နေတဲ့စကားမျိုးတွေကို လက်ခံမိတတ်ပါတယ်။ အခြေအမြစ်မရှိတဲ့စကားမျိုးတွေကို လက်ခံယုံကြည်မိရင် ကောလာဟလရေစီးကြောင်းမှာ မျောပါသွားတတ်ပါတယ်။

**❖ အသိပညာ၊ အတတ်ပညာတွေကို အသုံးချတဲ့အပေါ်မူတည်ပြီး လုပ်ပုံကိုင်ပုံတွေ၊ လုပ်နည်းလုပ်ဟန်တွေကွဲပြားသွားပြီး အလုပ်ရဲ့အရည်အသွေး၊ အရည်အချင်းတွေလဲ ကွဲပြားခြားနားသွားကြတယ်။ အဲဒီကွဲပြားခြားနားမှုတွေက ဆင်းရဲတယ်၊ ချမ်းသာတယ်ဆိုတာတွေ ဖြစ်သွားကြတယ်။ ဒါကြောင့် ပညာဆိုတဲ့ ခွဲခြားသိမြင်နိုင်တဲ့အသိဉာဏ်ဟာ လူတွေရဲ့ အဆင့်အတန်းအမျိုးမျိုးကို ကွဲပြားစေနိုင်တဲ့အရာတစ်ခုဆိုတာ သိမြင်ကြရပါမယ်။ ❖**

သရေခေတ္တရာမင်းဆက် ၂၅ ဆက်မှာ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ သုပညာနာဂရဆိန္နမင်းဟာ သူ့လက်အောက်ခံ ကမ်းယံပြည်က မငြိမ်မသက်ဖြစ်နေလို့ ထကြွသောင်းကျန်းသူတွေကိုနှိမ်နင်းပြီး ကမ်းယံပြည်မှာ သုံးနှစ်တိုင်တိုင်နေထိုင်ပြီးမှ သရေခေတ္တရာကို ပြန်ခဲ့ပါတယ်။ သရေခေတ္တရာကို ပြန်ရောက်တော့ တိုင်းပြည်က မငြိမ်မသက်ဖြစ်နေပြီး ပြည်သူတွေ တထိတ်ထိတ်တလန့်လန့်နဲ့နေထိုင်နေကြရတယ်။ အဲဒီအချိန်မှာ ကြီးမားတဲ့လေပွေကြီးတစ်ခုကြောင့် ဆန်ပြာနေတဲ့အမျိုးသမီးတစ်ယောက်ရဲ့ဆန်ကောဟာ လေပွေကြီးနဲ့အတူ ကောင်းကင်ထက်ကို လွင့်တက်သွားပါတယ်။ ဆန်ပြာနေတဲ့ အမျိုးသမီးက ငါ့ဆန်ကော၊ ငါ့ဆန်ကောလို့အော်ဟစ်ရင်း သူ့ဆန်ကောနောက်ကို ပြေးလိုက်တော့ ဒီအသံဟာပျံ့နှံ့သွားတယ်။ တိုင်းပြည်အတွင်းမှာလဲ ထိတ်လန့်နေကြတဲ့အချိန်ဆိုတော့ "ငါ့ဆန်ကော၊ ငါ့ဆန်ကော"ဆိုတဲ့အသံက "ဝဇကော" တပ်ကြီးချီတက်လာပြီလို့ သဘောပေါက်ပြီး ပြေးကြလွှားကြနဲ့ သရေခေတ္တရာမြို့ကြီး ပျက်စီးခဲ့ရပါတယ်။ နှစ်ပေါင်း ၅၀၀ ကျော်တည်ရှိခဲ့တဲ့ သရေခေတ္တရာမြို့ကြီးဟာ "ငါ့ဆန်ကော"ဆိုတဲ့စကားတစ်ခွန်းကြောင့် သမိုင်းစဉ်ခေတ်ကြီးတစ်ခေတ်ကို ချုပ်ငြိမ်းတဲ့ထိဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကြားတဲ့စကားတွေကို အမှားအမှန်၊ အဆိုးအကောင်း၊ အကျိုးအကြောင်းဆင်ခြင်လက်ခံသင့်ပါတယ်။

**ကြံစည်**

"ခရုမှာလဲ အဆန်နဲ့ လူမှာလဲအကြံနဲ့"ဆိုတဲ့စကားအတိုင်း လူတိုင်းဟာ ဘဝတိုးတက်မြင့်မားဖို့အတွက် အမြဲကြံစည်နေကြရပါမယ်။ ကြံစည်တယ်ဆိုတာ စိတ်ကူးတာ၊ တွေးတောတာဖြစ်ပါတယ်။ စိတ်ကူးတွေ အတွေးတွေတိုင်းဟာ သဘာဝယုတ္တိရှိရှိနဲ့ အကျိုးရှိဖို့လိုပါတယ်။ အတွေးလွန်ရင်လဲ လက်တွေ့ဘဝနဲ့ အလှမ်းဝေးသွားတတ်တာကို သတိမူရပါမယ်။ ကြံစည်သမျှဟာ အတ္တတွေလွန်ကဲလို့ ကိုယ်သာအကျိုးရှိပြီး အများအပေါ် ဒုက္ခတွေ၊ သောကတွေရစေတာမျိုးတော့ မဖြစ်သင့်ပါ။ သူ့အကျိုးကိုယ့်အကျိုး မျှတတဲ့ကြံစည်တွေးတောတာမျိုးတွေနဲ့ ရလာတဲ့အကျိုးကို ခံစားတာကသာ အကောင်းဆုံးပါပဲ။

**မေးမြန်း**

"မသိရင်မေး၊ မစင်ရင်ဆေး"ဆိုတဲ့ စကားတစ်ခွန်းရှိတယ်။ ဘယ်သူမှ ပြီးပြည့်စုံတယ်ဆိုတာမရှိနိုင်။ ဥစ္စာတွေဘယ်လောက်ပေါပေါ၊ ပညာတွေဘယ်လောက်တတ်တတ် လောကမှာလူတွေမသိသေးတဲ့အကြောင်းအရာတွေဆိုတာ ရှိနေစမြဲပါ။ မသိသေးတာတွေအများကြီးနဲ့ တည်ရှိနေတဲ့လောကကြီးထဲမှာ နေထိုင်ကြရင်း မသိသေးတာတွေကို သိအောင်လုပ်ရမယ်။ မသိတာတွေကို သိတဲ့သူတွေဆီကို ချဉ်းကပ်မေးမြန်းရမယ်။ လေ့လာရမယ်၊ ဆည်းပူးရမယ်။ သိသယောင်၊ တတ်သယောင်နဲ့ လောကကြီးထဲကို ဖြတ်သန်းမယ်ဆိုရင် ယောင်ချာချာအသိနဲ့လူတွေပဲ ဖြစ်နေကြမှာပါ။ တချို့က မသိသေးတာမေးမြန်းရမှာကို ဂုဏ်ငယ်တယ်ထင်တတ်ကြပါတယ်။ မသိသေးတာကို သိဖို့အတွက် မေးမြန်းခြင်းကိုတော့ ရင်းနှီးရပါမယ်။

**ပြောဆို**

စကားပြောဆိုတာဟာ လူမှုဆက်ဆံရေးရဲ့ အခြေခံအကျဆုံးအလုပ်ဖြစ်ပါတယ်။ မနက်မိုးလင်းကနေ ညအိပ်ရာဝင်ချိန်ထိ လူအချင်းချင်းဆက်ဆံရေးအတွက် စကားပြောဆိုတဲ့အလုပ်ကို မဖြစ်မနေလုပ်နေကြရပါတယ်။ နေ့တိုင်းလုပ်နေကျအလုပ်ဖြစ်ပေမဲ့ စကားပြောဆိုတာဟာ အတတ်ပညာတစ်ခုလို အရေးပါလှပါတယ်။ စကားပြောဆိုတာက လူတစ်ယောက်ချင်းစီရဲ့ တန်ဖိုးနဲ့အရည်အချင်းကို အကဲဖြတ်နိုင်ပါတယ်။ စကားပြောရင် ပြောသမျှစကားတွေဟာ သိမ်မွေ့မယ်၊ ချိုသာမယ်၊ ပျူငှာမယ်၊ ယဉ်ကျေးမယ်ဆိုရင် တစ်ဖက်သားက ကိုယ့်စကားကို ယုံကြည်လက်ခံလွယ်ပါတယ်။ တစ်ဖက်က ပြန်လည်တုံ့ပြန်မှုကလဲ ကိုယ့်အတွက် အကျိုးရှိစေပါတယ်။

မုသာဝါဒဆိုတဲ့ မဟုတ်မမှန်တာကို ဟုတ်မှန်သယောင်လိမ်ညာပြောဆိုတာ၊ ပိသုဏာဝါစာဆိုတဲ့ ချောပစ်ကုန်းတိုက်စကားပြောတာ၊ ချစ်ခင်နေသူတွေ ကွဲသွားအောင် ရန်တိုက်ပေးတာ၊ မသင့်မတင့်ဖြစ်အောင်ပြောတာ၊ ဖရုသဝါစာဆိုတဲ့ ကြမ်းကြမ်းတမ်းတမ်းဆဲရေးတိုင်းထွာပြောတာ၊ သမ္ဖပ္ပလာပဝါစာဆိုတဲ့ မိမိသူတစ်ပါး နှစ်ဦးသား လုံးဝအကျိုးမရှိတဲ့စကားတွေကိုတော့ ရှောင်ကြဉ်ရပါမယ်။ လူမှုဆက်ဆံရေးနယ်ပယ်မှာ တည်ကြည်လေးနက်တဲ့စကားမျိုးကို ရွေးချယ်ပြောဆိုသင့်ပါတယ်။ အထေ့အငေါ့၊ အစောင်းအချိတ်တွေနဲ့ ကလိသလိုရိသလိုပြောဆိုတတ်သူတွေဟာ စည်းအပြင်ကို ရောက်သွားတတ်ပါတယ်။

**စူးစမ်းဆင်ခြင်**

လောကကြီးမှာ ကိုယ်မသိသေးတဲ့အကြောင်းအရာတွေ အများကြီးရှိပါသေးလားဆိုတာ အမြဲနှလုံးသွင်းထားရပါမယ်။ ကိုယ်မသိသေးပေမဲ့ ကိုယ်သိချင်တာတွေက ပတ်ဝန်းကျင်တွေဆီမှာ ရှိနေတတ်ပါတယ်။ ဒီတော့ သိထားတတ်ထားတဲ့သူတွေဆီက ကိုယ်သိချင်တာတွေကို စူးစမ်းဖို့၊ မေးမြန်းဖို့လိုပါမယ်။ သိချင်တာတွေ၊ သိသင့်တာတွေကို စူးစမ်းလေ့လာရမယ်။ သင်ယူရမယ်။ စာဖတ်ခြင်းကတစ်ဆင့် စူးစမ်းလေ့လာနိုင်ပါတယ်။ စာဖတ်ခြင်းက မသိသေးတာတွေသိလာမယ်။ ရှိနေပြီးသားအသိတွေထက် အသိတွေတိုးပွားလာတဲ့အပြင် မှားယွင်းတဲ့ အစွဲအလမ်းအယူအဆတွေကိုလဲ ပယ်ဖျက်ပေးနိုင်ပါတယ်။ ဒါကြောင့် စာပေဖတ်ရှုတဲ့နည်းလမ်းနဲ့ စူးစမ်းဆင်ခြင်မှုတွေကိုပြုလုပ်နိုင်ပါတယ်။

**ရေးသား**

စာရေးတဲ့အလုပ်ကတော့ အနုပညာတစ်ခုဖြစ်လို့ အလွယ်တကူနဲ့တော့ စာရေးဖို့မလွယ်ပါဘူး။ ဒါပေမဲ့ စာရေးတာဟာ လူသားအကျိုးပြုလုပ်ငန်းတစ်ခုဖြစ်တာကြောင့် ဖြစ်နိုင်ရင်စာရေးကြစေလိုပါတယ်။ အစမရှိသေးရင် ခက်ခဲနေတတ်ပေမဲ့ ရေးရင်းရေးရင်းနဲ့ အရှိန်တစ်ခုတော့ရလာပါတယ်။ စာရေးဖို့ကြိုးစားရင်း ရေးစရာအတွက် စာဖတ်ခြင်းဆိုတဲ့ဝမ်းစာ ပြည့်အောင်ဖြည့်ရတယ်။ စာတွေများများဖတ်ဖြစ်လာတော့ အတွေးအမြင်တွေကျယ်ပြန့်လာတယ်။ အတ္တတွေလျော့လာတယ်။ မေတ္တာတွေ၊ ကရုဏာတွေ ပိုထားတတ်လာတယ်။

စာရေးတဲ့အကျင့်ကိုလေ့ကျင့်ယူရပါတယ်။ နောင်စစ်သည်ဆိုတဲ့ ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)ဟာ အသက် ၇၅ နှစ်အရွယ်မှ စာစရေးတယ်။ သူရေးခဲ့တဲ့ သေတစ်နေ့ မွေးတစ်နေ့ အတွဲ(၁)၊ (၂)၊ (၃) စာအုပ်တွေဟာ ဂန္ထဝင်မြောက်စာအုပ်တွေဖြစ်ခဲ့တယ်။ စာရေးတဲ့အလုပ်ဟာ ခွဲခြားသိမြင်နိုင်တဲ့အသိဉာဏ်အတွက် လုပ်သင့်တဲ့အလုပ်တစ်ခုလို့ ဆိုချင်ပါတယ်။

**လေ့ကျင့်**

လူတိုင်းမှာ ကိုယ်စီစွမ်းရည်စွမ်းပကားတွေ ရှိပါတယ်။ မရှိသေးတဲ့စွမ်းရည်တွေကိုလဲ ရှိလာအောင်သင်ယူရတယ်။ တတ်မြောက်လာရင် ကျွမ်းကျင်လာအောင်လေ့ကျင့်ယူရပါတယ်။ ဘယ်အလုပ်မဆို ဘယ်လောက်ကျွမ်းကျင်အောင် တတ်မြောက်ထားပါစေ အရှိန်ရအောင်လေ့ကျင့်မှုမရှိရင် သံချေးတက်သွားတဲ့ဓားတစ်ချောင်းလို ဖြစ်သွားတတ်ပါတယ်။ ဒါကြောင့် ကောင်းတဲ့အလုပ်တွေကိုရွေးချယ်လုပ်ရမယ်။ လုပ်ရင်းကိုင်ရင်းနဲ့ အရည်အသွေးပိုကောင်းအောင် လေ့ကျင့်နေရပါမယ်။ လေ့ကျင့်မှုအသားကျလာတဲ့အခါ မလုပ်ရရင်မနေနိုင်တဲ့ အလေ့အကျင့်တစ်ခုဖြစ်လာပါမယ်။ အဲဒီအလေ့အကျင့်က ကောင်းကျိုးတွေဖြစ်ဖို့တော့ လိုပါတယ်။

**နှုတ်ငုံဆောင်**

ဘဝမှာသိထားတဲ့အသိတွေကို စိတ်ထဲမှာမှတ်ထားတာ၊ စာနဲ့ရေးပြီး မှတ်ထားတာမျိုးတွေအပြင် အချို့ကိစ္စတွေကို အလွတ်ကျက်မှတ် နှုတ်ငုံဆောင်ထားကြတယ်။ ကိုယ်တိုင်လဲကျင့်ကြံလိုက်နာကြတယ်။ မြန်မာမှုနယ်ပယ်မှာ ရှေးပညာရှိတွေရဲ့ဆုံးမစာတွေ၊ ကိုးကွယ်မှုဆိုင်ရာနည်းလမ်းတွေ၊ လောကနီတိလို လိုက်နာသင့်တဲ့အကြောင်းအရာတွေနဲ့ အခြားနှုတ်ငုံဆောင်သင့်တဲ့ အကြောင်းအရာတွေကို လိုအပ်ရင် လိုအပ်သလို အသုံးချနိုင်ဖို့ အလွတ်ကျက်မှတ်နှုတ်ငုံဆောင်ထားကြရပါမယ်။

နိဂုံးချုပ်အနေနဲ့တင်ပြလိုတာကတော့ လူတိုင်းမှာ သညာအသိနဲ့ ပညာအသိဆိုတာရှိကြတယ်။ သညာအသိဆိုတာက မှတ်သားထားတဲ့အတိုင်း သိနေတဲ့အသိ။ ပညာအသိဆိုတာ ပိုင်းပိုင်းခြားခြား၊ ကွဲကွဲပြားပြား၊ ခွဲခွဲခြားခြားသိတဲ့အသိလို့ ဆိုပါတယ်။ အဲဒီသညာအသိ၊ ပညာအသိတွေဟာ လူတွေရဲ့စိတ်မှာမှီပြီးဖြစ်နေကြတာမို့ လူတွေဟာ အရေးကြီးတဲ့အသိတရားတွေရှိအောင် အားထုတ်ကြရပါမယ်။ ဒီအတွက် ပညာဆိုတဲ့ ခွဲခြားသိမြင်နိုင်တဲ့အသိဉာဏ်နဲ့ဘဝကို တည်ဆောက်ကြရမယ်။ ပညာနဲ့ ရပ်တည်နေထိုင်နိုင်ဖို့အတွက် ပညာပွားရာ အကြောင်းတရားရှစ်ပါးဖြစ်တဲ့ သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ဓာ ဆိုတဲ့ အက္ခရာရှစ်လုံးကို ပန်းလိုသီကုံးပန်ဆင်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၁၁၄၂၇ ဧကစိုက်ပျိုးပြီးစီး



**ရွှေဘို ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးမြေပဲ ၁၁၄၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် မိုးမြေပဲ ၇၂၀၅၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ၁၁၄၂၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုခရိုင်အတွင်း မိုးမြေပဲဧက ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ မိုးမြေပဲဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ ဒီနှစ် မိုးမြေပဲဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် မိုးမြေပဲစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၇၂၉ ဧက၊ ခင်ဦးမြို့နယ်တွင် ၉၂၇၅ ဧက၊ ကျောက်မြောင်းမြို့တွင် ၄၂၃ ဧကတို့ဖြစ်ပြီး လျာထားမှုအနေဖြင့် ရွှေဘိုမြို့နယ်တွင် ဧက ၁၀၃၇၀၊ ခင်ဦးမြို့နယ်တွင် ၄၂၈၃၅ ဧက၊ ဝက်လက်မြို့နယ်တွင် ၅၉၈၆ ဧက၊ ကျောက်မြောင်းမြို့တွင် ၁၂၈၆၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ရွှေဘိုခရိုင်တွင် ယခုနှစ် မိုးမြေပဲစိုက်ပျိုးသည့် တောင်သူများ မိုးမြေပဲ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး



**မြဝတီ ဇွန် ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စံပါလိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်ဆွေးနွေးမှာကြားသည်။

စံပါလိုက်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၈ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၁၆ ဒသမ ၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ဘိုဘို**

## လဝါဆို

\- လရာသီ ဝါဆိုလမို့
ကျင်းပကြ ရဟန်းခံ၊
မြလေးရယ် ပုန်းညက်ပန်းတို့
ပွင့်လန်းကြပြန်၊
ကရကဌ် ရာသီမှန်
ဝါဆိုရန် သံဃာများ၊
လှူဒါန်းပျော် သင်္ကန်းမြတ်ကို
ဆက်ကပ်စို့လား။

\- အလောင်းတော် မြတ်တရားကိုလ
ဟောကြားသည့် ဓမ္မစကြာ၊
ငါးဦးတည် ရဟန်းအပေါင်း
ကိန်းအောင်းဓမ္မာ၊
ဝါဆိုမိုး ရွာသွန်းဖြာ
ရာသီမှာက အေးအေးချမ်း၊
တရားထူးရယ်နဲ့
ကြည်နူးစရာ ဥပုသ်ပြုတယ်
သာဓုတွေလွှမ်း။

\- မြတ်သံဃာ ကျောင်းသင်္ခမ်းနဲ့
ဝိနည်းထမ်း ဝါကပ်ဆို၊
ပဌာန်းသံ ရွတ်ဖတ်ပွဲ
ဆင်နွှဲလို့ကြို၊
မြန်မာတို့ ကုသိုလ်ပို
အေးမြချိုတဲ့ ရာသီလ၊
ကျောင်းကန်သွားပါလို့
သံဃာများ စုံစုံညီမို့
မှန်းဆရည် စုကာပေါင်းတယ်
ကောင်းမှုပြုကြ။ ။

**မောင်မျိုးချစ်(အညာမြေ)**

# နမ့်ခမ်းမြို့နယ် ကောင်းဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်ခမ်း ဇွန် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းဝိုင်းကျေးရွာအုပ်စု ကောင်းဝိုင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဆဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မူဆယ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်စင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်ခမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်နိုင်မိုး၊ စီမံကိန်းတာဝန်ခံ ဒေါ်ပပဝင်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၇၀၈ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များက ကောင်းဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ ၉၂ ဦးကို ရန်ပုံငွေကျပ် ၇၀၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြတ်ဆု**

## နိုင်ငံတကာ သတင်းများ

# ဘီလာရုစ်သို့ နျူလက်နက်များပို့ဆောင်မှု သမ္မတပူတင် အတည်ပြု

**မော်စကို ဇွန် ၁၇**

ဘီလာရုစ်နိုင်ငံ၌ နျူကလီးယားလက်နက်များ ဖြန့်ကြက်မှုသည် ရုရှားနိုင်ငံအပေါ် မဟာဗျူဟာမြောက် အောင်ပွဲခံနိုင်မည်မဟုတ်ကြောင်းကို အနောက်အုပ်စုနိုင်ငံများအား သတိပေးလိုက်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဇွန် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

စိန့်ပီတာစဘတ်မြို့၌ ကျင်းပနေသည့် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၌ ရုရှားသမ္မတပူတင်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

စိန့်ပီတာစဘတ် စီးပွားရေးဖိုရမ်မိန့်ခွန်းတွင် ရုရှားသမ္မတပူတင်သည် နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များ ဘီလာရုစ်သို့ ရွှေ့ပြောင်းထားရှိမှုကို ပထမဆုံးအကြိမ် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် မဟာမိတ် ဘီလာရုစ်နိုင်ငံသို့နည်းဗျူဟာမြောက် နျူကလီးယားလက်နက်များပို့ဆောင်ထားပြီးဖြစ်ကြောင်း၊သို့သော် လက်ရှိအချိန်တွင် ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်အသုံးပြုရန် အကြောင်းမရှိကြောင်းသမ္မတပူတင်က ပြောကြားခဲ့သည်။

ဘီလာရုစ်၌ နည်းဗျူဟာမြောက်နျူကလီးယားလက်နက်များ ဖြန့်ကြက်မည့်အစီအစဉ်ကို ရုရှားသမ္မတပူတင်က ယခုနှစ် မတ်လတွင်ကြေညာခဲ့သည်။

မြောက်အတ္တလန်တိတ် စာချုပ်အဖွဲ့(နေတိုး) အင်အားတိုးချဲ့လာမှုကို တုံ့ပြန်မည့်အနေဖြင့် ဘီလာရုစ်နိုင်ငံ၌ နျူကလီးယားလက်နက်များ ဖြန့်ကြက်ထားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု သမ္မတပူတင်က ပြောကြားထားကြောင်း သိရသည်။

KKO

# အီကွေဒေါအကျဉ်းထောင်တစ်ခု၌ တိရစ္ဆာန်နှင့်လက်နက်ပစ္စည်းများ သိမ်းဆည်းရမိ

**ကွီတို ဇွန် ၁၇**

လုံခြုံရေး အထူးတင်းကျပ်ထားသည့် အီကွေဒေါအကျဉ်းထောင်တစ်ခု၌ ဝက်များ၊ တိုက်ကြက်များနှင့် လက်နက်ပစ္စည်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၆ ရက်တွင် ရှာဖွေသိမ်းယူနိုင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အီကွေဒေါရဲတပ်ဖွဲ့နှင့်အကျဉ်းဦးစီးဌာန လုံခြုံရေးဝန်ထမ်းများသည် ဇွန် ၁၆ ရက်တွင် စန်တိုဒိုမင်ဂိုမြို့ရှိ ဘယ်လ်လာဗစ္စတာအမည်ရှိ အကျဉ်းထောင်အတွင်း စီးနင်းရှာဖွေမှုများပြုလုပ်ခဲ့သည်။

စီးနင်းရှာဖွေမှုအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဘယ်လ်လာဗစ္စတာအကျဉ်းထောင်အတွင်းမှ ဝက်နှစ်ကောင်၊ တိုက်ကြက် ၁၄ ကောင်နှင့် အခြားတရားမဝင်လက်နက်ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အီကွေဒေါစစ်ဘက်က သတင်းထုတ်ပြန်ထားသည်။

ဘယ်လ်လာဗစ္စတာ အကျဉ်းထောင်အတွင်းသို့ ဝက်နှင့်တိုက်ကြက်များမည်သို့ ရောက်ရှိလာသည်ကို အီကွေဒေါတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

အီကွေဒေါနိုင်ငံ၏ အကျဉ်းထောင်စနစ်သည် အကျဉ်းထောင်အတွင်းနေရေး၊ စားရေးခက်ခဲမှုပြဿနာ၊ အကြမ်းဖက်တိုက်ခိုက်မှုပြဿနာများနှင့် ရင်ဆိုင်နေရပြီး အကျဉ်းထောင်အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် အီကွေဒေါ အကျဉ်းထောင်များ၌ အကျဉ်းသားများ အရေအတွက် ရာနှင့်ချီ သေဆုံးခဲ့ရကြောင်း သိရသည်။

KKO



# ရုရှားသမ္မတပူတင် ယူအေအီးသမ္မတနှင့်တွေ့ဆုံဆွေးနွေး



**မော်စကို ဇွန် ၁၇**

ယူကရိန်းနှင့် အကျဉ်းသားချင်းလဲလှယ်နိုင်ရန် ကြားဝင်ကြိုးစားပေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) သမ္မတ ရှိတ်ခ်မိုဟာမက် ဘင်ဇာယက် အယ်လ်နာယန်းနှင့် ဇွန် ၁၆ ရက်တွင်တွေ့ဆုံစဉ် ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

စိန့်ပီတာစဘတ် စီးပွားရေးညီလာခံတက်ရောက်ရန် ရုရှားနိုင်ငံသို့ရောက်ရှိနေသော ယူအေအီးသမ္မတသည် ဇွန် ၁၆ ရက်တွင် ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်းရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူအေအီးသမ္မတနှင့် တွေ့ဆုံစဉ် ယူအေအီးနှင့် ရုရှားနှစ်နိုင်ငံကြား စီးပွားရေးဆက်ဆံမှုကျယ်ပြန့်လာခြင်းကိုလည်း သမ္မတပူတင်က ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက ရုရှားအပေါ် အရေးယူပိတ်ဆို့မှုများပြုလုပ်နေသော်လည်း ယူအေအီးနှင့်ဆော်ဒီအာရေဗျကဲ့သို့ အဓိကရေနံထုတ်လုပ်သူနိုင်ငံများက ရုရှားနှင့်ဆက်ဆံရေးခိုင်မာမှုကို ဆက်ထိန်းထားကြဆဲဖြစ်သည်။

ယူအေအီးနိုင်ငံသည် ရုရှားနှင့်ယူကရိန်းတို့ကြား အကျဉ်းသားချင်းလဲလှယ်နိုင်ရေးအတွက် အနည်းဆုံးတစ်ကြိမ်ကြားဝင်ကူညီပေးခဲ့ဖူးသည်။

ယူအေအီး၊ ဆော်ဒီနှင့် ရုရှားတို့သည် ရေနံထုတ်လုပ်တင်ပို့သူနိုင်ငံများအသင်း (အိုပက်)နှင့် မိတ်ဖက်များ၊ အုပ်စုဝင်နိုင်ငံများဖြစ်ကြကြောင်း သိရသည်။ KKO

# နိုင်ငံခြားငွေများချေးယူမှုရပ်ထားရန် ဇင်ဘာဘွေဗဟိုဘဏ်ကို သမ္မတ အမ်မာဆင်အမ်နန်ဂါဂွါ ညွှန်ကြား

**ဟာရာရီ ဇွန် ၁၇**

နိုင်ငံခြားငွေများ ချေးယူမှုရပ်ဆိုင်းထားရန် ဇင်ဘာဘွေသမ္မတ အမ်မာဆင်အမ်နန်ဂါဂွါက ဗဟိုဘဏ်ကို ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၁၆ ရက်တွင် ဖော်ပြခဲ့သည်။

အထွေထွေရွေးကောက်ပွဲမတိုင်မီကာလအတွင်း ပြည်တွင်းငွေကြေးစနစ်တန်ဖိုးထိုးကျနေမှုကို ထိန်းချုပ်ရေးအတွက် ကြိုးပမ်းနေရစဉ်နိုင်ငံခြားငွေများချေးယူမှု ရပ်ဆိုင်းထားရန်ဇင်ဘာဘွေသမ္မတက ဗဟိုဘဏ်ကို ညွှန်ကြားထားခြင်းဖြစ်သည်။

လွှတ်တော်၏ စောင့်ကြည့်မှုအောက်တွင်မရှိသော ဗဟိုဘဏ်သည် နိုင်ငံခြားငွေချေးယူမှုများကြောင့် ဇင်ဘာဘွေ၏ငွေကြေးအကျပ်အတည်း ပိုဆိုးလာခြင်းဖြစ်ကြောင်း လေ့လာသူအချို့က ပြောကြားထားသည်။

ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေထုတ်ချေးရာတွင် နိုင်ငံတော်ကိုကိုယ်စားပြု၍သာ ချေးယူရမည်ဖြစ်ပြီး မိမိသဘောနှင့်မိမိ ချေးယူမှုများ ရပ်ထားရမည်ဖြစ်ကြောင်း ဇင်ဘာဘွေသမ္မတ၏ ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

ရှေးယခင်က ဇင်ဘာဘွေဗဟိုဘဏ်သည် လောင်စာဆီ၊ဓာတ်မြေဩဇာ၊ စားသုံးဆီစသည့် သွင်းကုန်များအတွက် ငွေပေးချေရန် ဒေသတွင်းဘဏ်များမှ နိုင်ငံခြားငွေများ ချေးယူခဲ့သည်။

ဇင်ဘာဘွေနိုင်ငံသည် ပြီးခဲ့သည့်နှစ်ပေါင်း ၂၀ အတွင်း ငွေတန်ဖိုးဖောင်းပွမှုနှုန်း အလွန်အကျွံမြင့်တက်မှုပြဿနာများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

KKO

# ယူဂန္ဒာ၌ စာသင်ကျောင်းကို စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် ၂၅ ဦးသေဆုံး

**ကမ်ပါလာ ဇွန် ၁၇**

ယူဂန္ဒာနိုင်ငံ အနောက်ပိုင်းရှိ စာသင်ကျောင်း တစ်ကျောင်းကို အစ္စလာမ်မစ်နိုင်ငံ အကြမ်းဖက်အုပ်စု (အိုင်အက်စ်)နှင့် ဆက်နွှယ်သောစစ်သွေးကြွများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ လူပေါင်း ၂၅ ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ထို့ပြင် ဇွန် ၁၆ ရက်တွင် ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း စစ်သွေးကြွများသည် လူအချို့ကိုလည်း ပြန်ပေးဆွဲခေါ်ဆောင်သွားကြောင်း ယူဂန္ဒာတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဒီမိုကရက်တစ် မဟာမိတ်တပ်ဖွဲ့(အေဒီအက်ဖ်) အမည်ရှိ အဆိုပါ စစ်သွေးကြွအုပ်စုဝင်များက လူဦးရေ မည်မျှပြန်ပေးဆွဲခေါ်ဆောင်သွားသည်ကို မသိရသေးကြောင်း သိရသည်။



လက်ရှိအချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အေဒီအက်ဖ် အုပ်စုဝင်များ ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် ဒေသခံများကို ကယ်တင်ရေးအတွက် ကြိုးစားနေကြောင်း ယူဂန္ဒာ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

စစ်သွေးကြွများဝင်ရောက် တိုက်ခိုက်ခဲ့သော အလယ်တန်းကျောင်းသည် ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ နယ်စပ်အနီးတည်ရှိသည်။

စစ်သွေးကြွများသည် စာသင်ကျောင်းကို တိုက်ခိုက်စဉ်အတွင်း ဘော်ဒါဆောင်တစ်ဆောင်လုံးကို မီးရှို့၍ အစားအစာများလုယက်သွားသည်ဟု ယူဂန္ဒာရဲတပ်ဖွဲ့က ပြောကြားခဲ့ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## အာရီယာနီ-၅ ဒုံးပျံ နောက်ဆုံးမစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ဥရောပအာကာသအေဂျင်စီက အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထား



**ပါရီ ဇွန် ၁၇**

အာရီယာနီ-၅ ဒုံးပျံနောက်ဆုံး မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ဥရောပအာကာသအေဂျင်စီက အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

မူလက ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံကို ဇွန် ၁၆ ရက်တွင် ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် ဒုံးပျံ၏အရေးကြီးသောလုပ်ငန်းစနစ်တစ်ရပ်ဖောက်ပြန်နိုင်မှုကြောင့် အာရီယာနီ-၅ ဒုံးပျံလွှတ်တင်ရေးအစီအစဉ်ကို ကာလရွှေ့ဆိုင်းထားကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အာရီယာနီ-၅ ဒုံးပျံသည် ၎င်း၏ နောက်ဆုံးမစ်ရှင်အတွင်း ဂြိုဟ်တုနှစ်စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် ၁၉၉၆ ခုနှစ်မှစ၍ အသုံးပြုခဲ့သော အာရီယာနီ-၅ ဒုံးပျံများကို အာရီယာနီ-၆ ဒုံးပျံသစ်များဖြင့် အစားထိုးရန် စီစဉ်ထားကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၅ ဒုံးပျံဖြင့် အာကာသမစ်ရှင်ပေါင်း ၁၀၀ ကျော်ထိ လွှတ်တင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

KKO


## လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်၏ တစ်ရက်တာကာလမှာ ၂၄ နာရီထိရှိသော်လည်း တစ်ချိန်သောကာလက ကမ္ဘာကြီး၏တစ်ရက်တာကာလမှာ ၁၉ နာရီသာရှိခဲ့

**ပေကျင်း ဇွန် ၁၇**

လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်၏ တစ်ရက်တာကာလမှာ ၂၄ နာရီထိရှိသော်လည်း တစ်ချိန်သောကာလကမူ ကမ္ဘာကြီး၏တစ်ရက်တာကာလမှာ ၁၉ နာရီသာရှိခဲ့ဖူးကြောင်း Phys.Org သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

ကမ္ဘာဂြိုဟ်၏ တစ်ရက်တာအချိန်ကာလ ၁၉ နာရီသာရှိခဲ့သောခေတ်သည် နှစ်ပေါင်း တစ်ဘီလီယံထိ ကြာမြင့်ခဲ့ကြောင်း တရုတ်သိပ္ပံအကယ်ဒမီ ဘူမိဗေဒနှင့် ဘူမိရူပအင်စတီကျူမှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ထိုစဉ်ကာလအတွင်း ကမ္ဘာမြေ၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းမှာ မြေအောက်ကျောက်လွှာရှင်လှုပ်ရှားမှုများ နည်းပါးခြင်းနှင့် ယနေ့ထက်ပို၍နီးကပ်သည့် လ၏ ဒြပ်ဆွဲအားတို့ကြောင့် အရှိန်နှေးကွေးခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။



ကမ္ဘာဂြိုဟ်၏ ဝင်ရိုးဗဟိုပြု မွှတ်မွှတ်လည်နှုန်းမှာ လွန်ခဲ့သော နှစ်ပေါင်း တစ်ဘီလီယံနှင့် နှစ်ဘီလီယံကြားမှသာ အထိုက်အလျောက် ပြန်လည်တည်ငြိမ်လာကြောင်း သိရသည်။

အာကာသ ဟင်းလင်းပြင်အတွင်း ကမ္ဘာဂြိုဟ်၏ရွေ့လျားမှု အပေါ်တွင်သာမက အခြားဂြိုဟ်များအပါအဝင် အာကာသဒြပ်ထည်အမျိုးမျိုး၏ ဒြပ်ဆွဲအားများက အကျိုးသက်ရောက်မှု ရှိတတ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကမ္ဘာဂြိုဟ်၏ တစ်နေ့တာကာလသည် တစ်နှစ်လျှင် သုညဒသမ ၀၀၀၀၁၅စက္ကန့်နှုန်းဖြင့် ပို၍ရှည်လျားလာလျက်ရှိကြောင်း သိရသည်။

KKO

## ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်၏ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများ ကူညီရေးအတွက် ဂြိုဟ်တုသစ်တစ်စင်းလွှတ်တင်ပေးရန် နာဆာစီစဉ်

**ဝါရှင်တန် ဇွန် ၁၇**

ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်၏ အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများကို ကူညီရေးအတွက် ဂြိုဟ်တုသစ်တစ်စင်းလွှတ်တင်ပေးရန် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က စီစဉ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

MANTIS အမည်ရှိ အဆိုပါဂြိုဟ်တုငယ်သည် သက်ရှိများနေထိုင်နိုင်သည့်ဂြိုဟ်သစ်များကို ရှာဖွေရာ၌ ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်ကို အကူအညီပေးမည်ဖြစ်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

MANTIS ဂြိုဟ်တုကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန်နာဆာအဖွဲ့က စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် MANTIS ဂြိုဟ်တုသည် စွမ်းအင်ဖြာထွက်မှုဖြစ်စဉ်ကဲ့သို့ ကြယ်များ၏ လှုပ်ရှားမှုကို လေ့လာစောင့်ကြည့်မည်ဖြစ်ကြောင်း နာဆာအဖွဲ့က စီစဉ်ထားသည်။

MANTIS ဂြိုဟ်တုသည် ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်ကို အကူအညီပေးနိုင်ရေးအတွက် ရေဒီယိုတယ်လီစကုပ်ငယ်နှစ်ခု သယ်ဆောင်သွားမည်ဖြစ်သည်။

MANTIS ဂြိုဟ်တုကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း အကုန်အကျခံ၍ တည်ဆောက်ရန် နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

KKO

# HEALTH

## တစ်နေ့တာကယ်လိုရီ၏ ၈၀ ရာခိုင်နှုန်းကို မွန်းလွဲ ၁နာရီ မထိုးမီစားသုံးပါက ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေလျှော့ချပေး

**နယူးယောက် ဇွန် ၁၇**

တစ်နေ့တာစားသုံးရမည့် ကယ်လိုရီပမာဏ၏ ၈၀ ရာခိုင်နှုန်းကို မွန်းလွဲ ၁ နာရီမထိုးမီ စားသုံးခဲ့ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တစ်နေ့တာစားရမည့်အစားအစာများ၏ အများစုကို မွန်းလွဲ ၁ နာရီမတိုင်မီ စားသုံးခြင်းဖြင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းထားနိုင်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အဝလွန်ပြီး သွေးအတွင်း သကြားဓာတ်ပါဝင်မှုအဆင့် မြင့်မားသူ ၁၀ ဦးတို့ဖြင့် လက်တွေ့လေ့လာစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသည့် ရလဒ်များအရ တစ်နေ့တာစားသုံးရမည့် အစားအစာ ၈၀ ရာခိုင်နှုန်းကို မွန်းလွဲ ၁ နာရီမတိုင်မီ စားသုံးသူများက မွန်းလွဲ ၁ နာရီထိုးပြီးအချိန် စားသုံးခဲ့သူများနှင့်နှိုင်းယှဉ်လျှင် သွေးအတွင်း သကြားဓာတ်ပမာဏအရ ပုံစံ-၂ ဆီးချိုဖြစ်နိုင်ခြေ ပို၍နည်းပါးလာသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ နေ့စဉ်စားရမည့် အစားအစာအများစုကို မွန်းလွဲ ၁ နာရီမတိုင်မီ စားသုံးခြင်းသည် ပုံစံ-၂ ဆီးချိုရောဂါ ဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

KKO

## အူမကြီးကင်ဆာဖြစ်ပွားနှုန်းမြင့်တက်လာမှုမှာ အနီရောင်အသားနှင့်သကြားစားသုံးမှုကြောင့်ဖြစ်နိုင်

**နယူးယောက် ဇွန် ၁၇**

အမေရိကန်လူငယ်များကြား အူမကြီးကင်ဆာ ဖြစ်ပွားမှုနှုန်းမြင့်တက်လာမှု၏ အဓိကအကြောင်းတရားမှာ အနီရောင်အသားနှင့် သကြားဓာတ် စားသုံးမှုကြောင့်ဖြစ်နိုင်ကြောင်း The Daily Mail သတင်းစာက ဇွန် ၁၆ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကကီးဗီးလန်းအင်စတီကျူမှ သုတေသနပညာရှင်များသည် အစားအစာများကို ဖြိုခွဲချိန်တွင် လူကိုယ်ခန္ဓာအတွင်း ပေါ်ထွက်လာတတ်သည့် Metabolite ခေါ် ဓာတုအစွမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှထွက်ပေါ်လာသည့်ရလဒ်များအရ အသက် ၅၀ အောက် အူမကြီးကင်ဆာလူနာများတွင် စစ်ထရိတ် (Citrate) ခေါ် ဓာတုပစ္စည်းမျိုးပါဝင်မှု ပုံမှန်ထက်နည်းပါးကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

ထို့ပြင် အနီရောင်အသားနှင့် သကြားဓာတ် စားသုံးမှုသည် အသက် ၅၀ အောက် လူငယ်များကြား အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်တက်လာမှုနှင့် ဆက်စပ်နေနိုင်ဖွယ်ရှိကြောင်းလည်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၅၀ အောက် အူမကြီးကင်ဆာ လူနာများအပါအဝင် လူနာပေါင်း ၁၇၀ တို့ကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ၌ အူမကြီးကင်ဆာကြောင့် အသက်ဆုံးပါးရသည့် အသက် ၄၀ အောက် ပြည်သူအရေအတွက်သည် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိထက် နှစ်ဆတိုးလာနိုင်ကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဒေါ့မွန်ကွင်းလယ်ကစားသမား ဒါဟော့ကို လေးနှစ်စာချုပ်ဖြင့် ဘရိုက်တန်အသင်းခေါ်ယူ

**လန်ဒန် ဇွန် ၁၇**

လာမည့်ရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိထားသည့် ဘရိုက်တန်အသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဒေါ့မွန်အသင်းကွင်းလယ်ကစားသမား ဒါဟော့ကို လေးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ကြောင်း ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘရိုက်တန် အသင်းသည် ကွင်းလယ်ကစားသမား မက်အယ်လစ်စတာနေရာတွင် အစားထိုးရန်အတွက် ကွင်းလယ်ကစားသမား ဒါဟော့ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လုပ်ခလစာနှင့်ပတ်သက်၍ အသေးစိတ်ထုတ်ပြန်ကြေညာခြင်း မရှိသော်လည်း လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဒါဟော့သည် ဂလာဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ၂၀၁၇ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိခဲ့ရာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၄၁ ပွဲတွင် သွင်းဂိုးငါးဂိုးသွင်းယူနိုင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပခုံးဒဏ်ရာခွဲစိတ်မှု ခံယူခဲ့ရသောကြောင့် ပြိုင်ပွဲစုံ ၁၀ ပွဲသာပါဝင်ကစားခဲ့ရပြီး စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းနှင့် လမ်းခွဲခဲ့ကြောင်း သိရသည်။

ဘရိုက်တန်အသင်း နည်းစနစ်ဒါရိုက်တာက "ဒါဟော့ဟာ စွမ်းဆောင်ရည်ပြည့်ဝတဲ့ ကစားသမားတစ်ဦးပါ။ သူဟာထိပ်တန်းအဆင့်ခြေစွမ်းမျိုး ပိုင်ဆိုင်ထားတဲ့ ကစားသမားဖြစ်သလို ဥရောပပြိုင်ပွဲ အတွေ့အကြုံရှိသူလဲဖြစ်ပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ခြေစွမ်းပိုင်းနဲ့ပတ်သက်လို့ သံသယမဖြစ်ပါဘူး"ဟု ပြောကြားခဲ့သည်။

ဘရိုက်တန် အသင်းသည် လက်ရှိ ကွင်းလယ်ကစားသမား ဒါဟော့အပါအဝင် လီဗာပူးအသင်းမှ ဂျိမ်းမင်နာကိုလည်း အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမားလာဇီနီ အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခဲ့သည်ဟု အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။
- ဘိုင်ယန်မြူးနစ်အသင်းက ခံစစ်ပိုင်းလိုအပ်ချက်အတွက် မန်စီးတီးအသင်းခံစစ်ကစားသမား ဝေါ်လ်ကာကိုခေါ်ယူရန် ထပ်မံကြိုးပမ်းနေပြီး ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- စပါးအသင်းက တောင်ပံကစားသမား ကူလူဆက်စကီးကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဖြင့် အပြီးသတ်ဝယ်ယူခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ဂျူဗင်တပ်အသင်းက ခံစစ်ကစားသမား ကက်စတာနီကို ခေါ်ယူရန် ကြိုးပမ်းနေသည့်အတွက် လက်စတာအသင်းက ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းအလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ML

# ဗီလာရီးရဲလ်တိုက်စစ်မှူး ဂျက်ဆန်ကို စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ချဲလ်ဆီးအသင်းသဘောတူညီမှုရရှိ



**လန်ဒန် ဇွန် ၁၇**

ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဗီလာရီးရဲလ်အသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ဂျက်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့်ခေါ်ယူရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း ဒေးလီးမေးလ်သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် နာပိုလီအသင်းတိုက်စစ်မှူး အိုစီမန်ကိုခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ၎င်းအတွက်ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် သန်း ၁၀၀ ကျော်သုံးစွဲရမည်ဖြစ်သည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီ အသင်းတို့ကလည်း အပြိုင် ကမ်းလှမ်းနေသောကြောင့် လူငယ်တိုက်စစ်မှူး ဂျက်ဆန်ကိုသာ စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန်ဆုံးဖြတ်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း တရားဝင်ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ တိုက်စစ်မှူး ဂျက်ဆန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဗီလာရီးရဲလ်အသင်းအတွက် အမှတ်ပေးပြိုင်ပွဲ ၂၆ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိပြုလုပ်နိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယားအဆင့်(၅)သို့ရောက်ရှိအောင် ၎င်း၏သွင်းဂိုးများဖြင့် ကူညီနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းနည်းပြသစ် ပိုချက်တီနိုက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဂျက်ဆန်ကိုသာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီက ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၆၀၀ ကျော်သုံးစွဲထားသည့် ချဲလ်ဆီးအသင်းသည် အထောင်တိုက်စစ်နေရာအတွက် အမ်ဘက်ပီကိုခေါ်ယူရန် စီစဉ်နေသော်လည်း ၎င်းအတွက် ပြောင်းရွှေ့ကြေးမှာ စတာလင်ပေါင် သန်း ၁၅၀ ကျော်သုံးစွဲရမည်ဖြစ်ကာ တစ်ပတ်လုပ်ခ စတာလင်ပေါင် ၈၉၃၀၀၀ ထိပေးချေရမည်ဖြစ်သောကြောင့် ဘဏ္ဍာရေးအခက်အခဲရှိနေပြီး အတ္တလန်တာတိုက်စစ်မှူး ဟိုက်လန်းနှင့်ဂျူဗင်တပ်တိုက်စစ်မှူး ဗလာဟိုဗစ်တို့နှစ်ဦးမှ တစ်ဦးကိုသာခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ML

# လက်စတာအသင်းက မန်စီးတီးလက်ထောက်နည်းပြမာရက်စ်ကာကို နည်းပြသစ်ခန့်အပ်

**လန်ဒန် ဇွန် ၁၇**

လက်စတာအသင်းသည် ပရီးမီးယားလိဂ်မှ တန်းဆင်းခဲ့ရပြီးနောက် နည်းပြစမစ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး ၎င်း၏နေရာတွင် မန်စီးတီးအသင်းကို ဖလားသုံးလုံးရရှိအောင် ပါဝင်ကူညီခဲ့သည့် လက်ထောက်နည်းပြ မာရက်စ်ကာကို နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ကြောင်း Channelnewsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်စတာ အသင်းသည် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီပြီးဆုံးရန် ၁၀ ပွဲအလိုတွင် နည်းပြရော်ဂျာကို ရာထူးမှထုတ်ပယ်ကာ ယာယီနည်းပြအဖြစ် စမစ်ကိုခန့်အပ်ခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် အသင်းအနေဖြင့် အဆင့်(၁၈)တွင် ရောက်ရှိခဲ့သောကြောင့် ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရပြီး ယခုအခါ နည်းပြစမစ်နေရာတွင် မာရက်စ်ကာကို နည်းပြသစ်အဖြစ်ခန့်အပ်၍ သုံးနှစ်သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်။

နည်းပြ မာရက်စ်ကာသည် ၂၀၂၀ ပြည့်နှစ်မှ စတင်ကာ မန်စီးတီးအသင်းလူငယ်အသင်းကို တာဝန်ယူခဲ့သူဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် ပါးမားအသင်းနည်းပြ တာဝန်ရယူခဲ့သော်လည်း ၁၄ ပွဲထိသာ ကိုင်တွယ်ပြီးနောက် အသင်းနှင့် လမ်းခွဲခဲ့ကာ နည်းပြဂွါဒီယိုလာ၏ လက်ထောက်နည်းပြအဖြစ်သာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

နည်းပြမာရက်စ်ကာက "ပထမဆုံးအသင်းအနေနဲ့ ရလဒ်ကောင်းအောင် ဘယ်လိုကစားရမလဲဆိုတာ နည်းလမ်းရှာရမှာပါ။ ဒီလိုဖြစ်ဖို့ကို တစ်ရက်ပြီးတစ်ရက် တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော်တို့ရဲ့အတွေးအခေါ်အယူအဆတွေနဲ့ တည်ဆောက်ရမှာပါ။ အဓိကရည်မှန်းချက်ကတော့ အသင်းနိုင်ပွဲရဖို့ဖြစ်ပါတယ်။ အသင်းမှာရှိသူတွေအားလုံး အသင်းအတွက် ရာနှုန်းပြည့်ပေးဆပ်မှသာ ကျွန်တော်တို့အသင်းနောက်တစ်ဆင့်ကို တက်ရောက်နိုင်မှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ML


# လီဗာပူးအသင်းတိုက်စစ်မှူး ဒါဝင်နူနက် လာမည့်ဘောလုံးရာသီတွင် ကျောနံပါတ်(၉)ကို ပြောင်းလဲဝတ်ဆင်မည်

**လီဗာပူး ဇွန် ၁၇**

လီဗာပူးအသင်း အဓိကတိုက်စစ်ကစားသမား ဒါဝင်နူနက်သည် လာမည့်ဘောလုံးရာသီမှစတင်ပြီး ကျောနံပါတ် ပြောင်းလဲဝတ်ဆင်မည်ဖြစ်ကာ ကျောနံပါတ်(၉)ကို ဝတ်ဆင် ကစားမည်ဖြစ်ကြောင်း The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဒါဝင်နူနက်သည် ပြီးခဲ့သည့်နှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဘင်ဖီကာအသင်းမှ လီဗာပူးအသင်းသို့ မြင့်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် စတာလင်ပေါင် ၈၅ သန်းဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့် ဘောလုံးရာသီအစပိုင်းက ရုန်းကန်ခဲ့ရသော်လည်း နောက်ပိုင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ သွင်းဂိုး ၁၅ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဒါဝင်နူနက်သည် ဘင်ဖီကာအသင်းတွင် ကစားခဲ့စဉ်ကလည်း ၎င်းစိတ်ကြိုက် ကျောနံပါတ်ဖြစ်သည့် နံပါတ်(၉)ဝတ်ဆင်ကစားပြီး ထိပ်တန်းအဆင့်ရှိခြေစွမ်းပြသနိုင်ခဲ့သော်လည်း လီဗာပူးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ကျောနံပါတ်(၉)မှာ ဖာမီနိုဝတ်ဆင်ကစားနေသည့်အတွက် ဒါဝင်နူနက်အနေဖြင့် ကျောနံပါတ်(၂၇)ကိုသာ ဝတ်ဆင်ကစားခဲ့ရခြင်းဖြစ်သည်။



ယခုလအကုန်တွင် ဖာမီနိုအနေဖြင့် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံး၍ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည့်အတွက် လီဗာပူးအသင်း၌ ကျောနံပါတ်(၉)မှာ လစ်လပ်နေသောကြောင့် ဒါဝင်နူနက်က ကျောနံပါတ်ပြောင်းလဲဝတ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# MFF Futsal Amateur Cup ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဇွန် ၁၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာနိုင်ငံဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ပြုလုပ်သည့် MFF Futsal Amateur Cup ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက MFF Futsal Stadium တွင် ကျင်းပခဲ့သည်။

MFF Futsal Amateur Cup ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Century Beverage Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဝင်းအောင်နှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ တာဝန်ရှိသူများနှင့်ကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာမြန်မာနိုင်ငံ ဖူဆယ်နှင့် သဲသောင်ပြင် ကော်မတီဥက္ကဋ္ဌ ဒေါက်တာရဲမွန်ထွဋ်၊ Century Beverage Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဝင်းအောင်နှင့် တာဝန်ရှိသူများက နှုတ်ခွန်းဆက်စကား အသီးသီးပြောကြားခဲ့ပြီးနောက် တာဝန်ရှိသူများနှင့်အတူ ကွင်းအတွင်းသို့ ဘောလုံးကန်သွင်းကာ အခမ်းအနားကိုဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဒေါက်တာရဲမွန်ထွဋ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများကို လိုက်လံနှုတ်ဆက်ခဲ့ပြီးနောက် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းသို့ထွက်ခွာခဲ့ကာ အဖွင့်ပွဲစဉ်ကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

MFF Futsal Amateur Cup ပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် 16/1 FC အသင်းနှင့် Seven FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Seven FC အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# Rothesay Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အင်ဒီမာရေး တက်ရောက်

**နော်တင်ဟမ် ဇွန် ၁၇**

အင်္ဂလန်နိုင်ငံ နော်တင်ဟမ်မြို့တွင်ကျင်းပနေသည့် Rothesay Open တင်းနစ်ပြိုင်ပွဲတွင် ဗြိတိန်တင်းနစ် ကစားသမားအင်ဒီမာရေးက ဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်ခဲ့ကြောင်း The National သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် ကွာတားဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်ကစားသမား ဒိုမီနစ်ကို (၇-၆ ၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အင်ဒီမာရေးသည် ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း အင်္ဂလန်နိုင်ငံ ဆာဘီတန်မြို့တွင်ကျင်းပခဲ့သော ဆာဘီတန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး Rothesay Open တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ထပ်မံဆွတ်ခူးနိုင်ခဲ့ပါက အင်္ဂလန်နိုင်ငံတွင်ကျင်းပသည့် တင်းနစ်ပြိုင်ပွဲ နှစ်ရပ်တွင် ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများသည် တင်းနစ်လောကတွင် ဒုတိယတန်းအဆင့်သာရှိသည့် Challenger Tour များဖြစ်သောကြောင့် အင်ဒီမာရေးအတွက် ကြီးမားသည့် အောင်မြင်မှုတစ်ရပ် မဟုတ်သော်လည်း ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် အင်ဒီမာရေးအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ အထောက်အကူဖြစ်လာစေနိုင်သည်။

အင်ဒီမာရေးက "ကစားသမားတိုင်းကတော့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမျိုးမှာ ချန်ပီယံဆုကိုဆွတ်ခူးချင်ကြတယ်။ ဒါပေမဲ့လဲ ဒီလိုပြိုင်ပွဲကြီးမှာ ကစားသမားတိုင်းက ချန်ပီယံဆုကိုဆွတ်ခူးနိုင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့လဲ ကြိုးစားခွင့်ရှိတယ်။ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ အောင်မြင်မှုရဖို့ဆိုတာက အဘက်ဘက်ကနေ ပြည့်စုံရသလို ပြင်ဆင်မှုတွေလဲ သေသေချာချာ ပြုလုပ်ရတယ်။ ကျွန်တော့်အနေနဲ့ ပြီးခဲ့တဲ့ ရက်သတ္တပတ်ကဆာဘီတန်မှာ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သလို အခု Rothesay Open တင်းနစ်ပြိုင်ပွဲမှာလဲ အခြေအနေကောင်းနေတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Meijer LPGA Classic ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို အယာကာ ဦးဆောင်



**မီချီဂန် ဇွန် ၁၇**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ် ဘယ်မွန့်မြို့တွင်ကျင်းပနေသည့် Meijer LPGA Classic ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဂျပန်အဆင့်(၁)ဂေါက်သီးရိုက်မယ် အယာကာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိုင်ယာလန် ဂေါက်သီးရိုက်မယ် မက်ဂွဲယား၊ တောင်ကိုရီးယားဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ကင်မ်ဟိုဂျို၊ အေမီယန်နှင့် စပိန်ဂေါက်သီးရိုက်မယ် စီဂန်ဒါတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်စီလျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

အကြိတ်အနယ်ရှိသည့် ပြိုင်ပွဲတစ်ရပ်အဖြစ်ရပ်တည်နေပြီး ပြိုင်ပွဲဝင်များအကြား ရိုက်ချက်ကွာဟမှုမှာလည်း ကျဉ်းမြောင်းနေသောကြောင့် နာမည်ကြီးဂေါက်သီးရိုက်မယ်များဖြစ်ကြသည့် ဩစတြေးလျဂေါက်သီးရိုက်မယ် မင်ဂျီလီနှင့် အိန္ဒိယဂေါက်သီးရိုက်မယ် အဒီတီတို့ကလည်း စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်သာလျော့ရိုက်ထားနိုင်သည့်အတွက် ချန်ပီယံလမ်းကြောင်းပေါ်တွင် ရှိနေဆဲဖြစ်သည်။

ဂျပန်ဂေါက်သီးရိုက်မယ် အယာကာက "ပြိုင်ပွဲဝင်တော်တော်များများကလဲ ဒုတိယနေ့ပြီးတဲ့ထိသတ်မှတ်ရိုက်ချက်ထက် တော်တော်လေးကိုလျော့ရိုက်ထားနိုင်ကြတယ်။ ပြိုင်ပွဲဝင်အများစုကလဲ ချန်ပီယံလမ်းကြောင်းပေါ်မှာ ရှိနေဆဲဖြစ်တဲ့အတွက်ကြောင့် အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ရပ်တည်ခွင့်ရချင်နေသေးတယ်ဆိုရင်တော့ တတ်နိုင်သမျှ Birdies ရိုက်ချက်တွေရယူနိုင်ဖို့လိုအပ်လိမ့်မယ်။ ကျွန်မအနေနဲ့ကတော့ နောက်ဆုံးနေ့ထိ အကောင်းဆုံး ကစားနိုင်မယ်လို့ မျှော်လင့်သလို တစ်ရက်ချင်းစီအလိုက် ပွဲအပေါ်မှာအာရုံစိုက်သွားမယ်။ တတ်နိုင်သမျှ Birdies ရိုက်ချက်တွေ ရယူနိုင်ဖို့ပဲပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စုအဆင့် ပွဲကြိုသုံးသပ်ချက်များ

**ဆလိုဗေးနီးယား Vs ဒိန်းမတ်**

**ကစားမည့်ရက်/အချိန် ၂၀-၆-၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆလိုဗေးနီးယား | – | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဒိန်းမတ် | – | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဆလိုဗေးနီးယားအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းမှာ ရှုံးခဲ့ပေမဲ့ အိမ်ကွင်းကစားပုံတည်ငြိမ်ပြီး နောက်ဆုံးအိမ်ကွင်းသုံးပွဲဆက် ရှုံးပွဲမရှိသေးပါဘူး။ ဒိန်းမတ်ကတော့ နောက်ဆုံးအဝေးကွင်းမှာ ကာဇက်စတန်ကိုရှုံးခဲ့ပြီး တိုက်စစ်ကစားအားကျဆင်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းကစားပုံကောင်းတဲ့ ဆလိုဗေးနီးယားအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဆလိုဗေးနီးယား ၂ – ၁ ဒိန်းမတ်**

**တူရကီ Vs ဝေးလ်**

**ကစားမည့်ရက်/အချိန် ၂၀-၆-၂၀၂၃ (နံနက် ၀၁:၁၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**တူရကီ ၀ – ၂ ဝေးလ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| တူရကီ | – | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |
| ဝေးလ် | – | ဝေး(သရေ) | အိမ်(နိုင်) | အိမ်(ရှုံး) |

တူရကီအသင်းဟာ အသင်းလိုက်စုဖွဲ့မှုကောင်းပြီး အိမ်ကွင်းမာကျောတဲ့အသင်းဖြစ်တာကြောင့် အခုပွဲစဉ်မှာ ဝေးလ်အသင်းကိုအနိုင်ယူပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်မှာသေချာပါတယ်။ ဝေးလ်အသင်းတော့ ပြီးခဲ့တဲ့ပွဲစဉ်မှာ ရှိမေးနီးယားကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သလို နောက်ဆုံးအဝေးကွင်း ငါးပွဲဆက် ရှုံးခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် အမှတ်ပေးဇယားကိုဦးဆောင်ဖို့ နိုင်ပွဲရှာဖွေလာမဲ့ တူရကီကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – တူရကီ ၂ – ၁ ဝေးလ်**

# အမေရိကန်ဘောလုံးအဖွဲ့ချုပ်က အမေရိကန်အသင်းနည်းပြအဖြစ် နည်းပြဟောင်းဘာဟက်တာကို ပြန်လည်ခန့်အပ်

**ဝါရှင်တန် ဇွန် ၁၇**

အမေရိကန်ဘောလုံးအဖွဲ့ချုပ်က အမေရိကန်အသင်းနည်းပြဟောင်းတစ်ဦးဖြစ်သည့် ဘာဟက်တာကို ပြန်လည်ခန့်အပ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း Bleacher Report Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၉ နှစ်ရှိ နည်းပြဘာဟက်တာသည် အမေရိကန်အသင်းကို ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်မှ ယခုနှစ်ဩဂုတ်လထိ လေးနှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် မတ်လက ဘာဟက်တာသည် ၎င်း၏ဇနီးဖြစ်သူကို ကိုယ်ထိလက်ရောက်ကျူးလွန်သည့်စွဲချက်ဖြင့် အမှုရင်ဆိုင်ခဲ့ရသည့်အတွက် အမေရိကန်အသင်း နည်းပြရာထူးမှ ဖယ်ရှားခံခဲ့ရသူဖြစ်သည်။

ထို့နောက် အမေရိကန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က ယာယီနည်းပြအဖြစ် ကယ်လက်ဟန်ကို တာဝန်ပေးအပ်ခဲ့သော်လည်း ယခုအခါ နည်းပြ ဘာဟက်တာသည် အမှုမှ ကင်းလွတ်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံ ဘောလုံးအဖွဲ့ချုပ်ကလည်း ကာလရှည်စာချုပ်ချုပ်ဆို၍ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲထိ နည်းပြဘာဟက်တာကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဘာဟက်တာသည် အမေရိကန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သည့်ကာလတစ်လျှောက် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလား ပြိုင်ပွဲတွင်လည်း အသင်းကိုရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ (၁၆)သင်းရှုံးထွက်အဆင့်သို့ တက်ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့ပြီး နယ်သာလန်အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

STA

# ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲရန် လွန်ဆွဲနေသော ဂျပန်နိုင်ငံ



ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါ၏အစိုးရအဖွဲ့သည် ၂၀၂၃ ခုနှစ် ကာကွယ်ရေးအသုံးစရိတ်ကို အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံထိ သုံးစွဲသွားမည်ဖြစ်သောကြောင့် ၂၀၂၂ ခုနှစ်ကထက် ၂၆ ဒသမ ၃ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲသွားမည်ဖြစ်သည်။

ယခင်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေး လက်ထက်ကတည်းကပင် ကာကွယ်ရေးအသုံးစရိတ်ကို တဖြည်းဖြည်းတိုးမြှင့်သုံးစွဲလာခဲ့ရာ အမေရိကန်ဒေါ်လာ ၃၉ ဘီလီယံထိရှိခဲ့သော်လည်း အစိုးရအသုံးစရိတ်အားလုံး၏ ၅ ဒသမ ၂ ရာခိုင်နှုန်းလောက်သာရှိခဲ့သည်။ လက်ရှိအချိန်တွင် ကီရှီဒါသည် ကာကွယ်ရေးအသုံးစရိတ်ကို အစိုးရအသုံးစရိတ်အားလုံး၏ ၅ ဒသမ ၉ ရာခိုင်နှုန်းထိ တိုးမြှင့်သုံးစွဲလျက်ရှိသည်။

နောက်ဆုံးရေးဆွဲထားသည့် ကာကွယ်ရေးတည်ဆောက်မှုအစီအစဉ်ဆိုင်ရာ ကန်ထရိုက်စာချုပ်အသစ်များအတွက် အမေရိကန်ဒေါ်လာ ၅၂ ဘီလီယံထိ အသုံးပြုသွားမည်ဖြစ်သည်။ စစ်လက်နက်ပစ္စည်းများဝယ်ယူမည့်အစီအစဉ်သည် အချိန်များစွာယူရမည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံသည် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ (SDF)များအတွက် စစ်လက်နက်ပစ္စည်းများ အလျင်အမြန် လွှဲပြောင်းပေးနိုင်ရန် အစီအစဉ်ပထမနှစ်တွင် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးနှစ်စတင်မှု တစ်လအကြာ ၂၀၂၃ ခုနှစ် မေလတွင် အစိုးရသည် Type-12 အမျိုးအစား ရေပြင်မှသင်္ဘောပစ်ဒုံးကျည်များ အဆင့်မြှင့်တင်ထုတ်လုပ်ရန် မစ်ဆူဘီရှီအကြီးစားစက်မှုလုပ်ငန်းနှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံတန်ဖိုးရှိသော ကန်ထရိုက်စာချုပ်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။ အစိုးရသည် Tomahawk ခရူဇာဒုံးကျည် အစင်း ၄၀၀ ဝယ်ယူရန် အမေရိကန်အစိုးရနှင့် အမေရိကန်ဒေါ်လာ သန်း ၁၆၀ တန်ဖိုးရှိသော ကန်ထရိုက်စာချုပ်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့သည်။

လာမည့် ငါးနှစ်အတွင်း ဂျပန်နိုင်ငံသည် ကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာဘီလီယံ ၃၃၀ အသုံးပြုသွားရန် စီစဉ်ထားရှိသည်။ ၂၀၂၇ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံထိရှိလာမည်ဖြစ်သည်။ ၎င်းပမာဏသည် ၂၀၂၃ ခုနှစ်တွင်ရှိသည့် ဂျပန် GDP ၏ နှစ်ရာခိုင်နှုန်းနှင့်သာ ပမာဏတူညီမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် GDP ၏ နှစ်ရာခိုင်နှုန်းထိ ကာကွယ်ရေးအသုံးစရိတ်ရရှိဦးမည်မဟုတ်သေးသော်လည်း ကမ္ဘာ့တတိယအများဆုံး စစ်ရေးအသုံးစရိတ် သုံးစွဲသူဖြစ်လာနိုင်ပေသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရက ဂျပန်နိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲမှုကို ကြိုဆိုခဲ့သော်လည်း ပြည်တွင်း၌မူ ကီရှီဒါအစိုးရသည် ဂျပန်နိုင်ငံ၏ဝင်ငွေနှင့် စစ်ရေးအသုံးစရိတ်ကို ဟန်ချက် ထိန်းညှိဆောင်ရွက်ရလျက်ရှိသည်။ တိုးမြှင့်လာသော ကာကွယ်ရေးအသုံးစရိတ်ကို ကာမိစေရန် ကီရှီဒါအစိုးရသည် ၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွင်း အသုံးစရိတ်လျှော့ချမှုနှင့် အခွန်ငွေမဟုတ်သောဝင်ငွေများမှရရှိသည့် ဘတ်ဂျက်ပိုငွေမှ အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံကျော်တောင်းခံခဲ့သည်။ ၎င်းခွင့်ပြုငွေများအနက် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ ဘီလီယံကို ၂၀၂၃ ခုနှစ် ဘတ်ဂျက်တွင်အသုံးပြုသွားမည်ဖြစ်ပြီး ၂၅ ဘီလီယံကို လာမည့် သုံးနှစ်အတွင်း အသုံးပြုသွားမည်ဖြစ်သည်။

ဂျပန်အစိုးရသည် အသုံးစရိတ်ဘတ်ဂျက်ကို တစ်နှစ်ချင်းစီအလိုက်အခြေခံ၍ ခွင့်ပြုသုံးစွဲလျက်ရှိသောကြောင့် အနာဂတ်အတွက် ငွေကြေးစုဆောင်းရာတွင် လိုက်လျောညီထွေရှိမည်မဟုတ်ချေ။ ထို့ကြောင့် အစိုးရသည် ဂျပန်နိုင်ငံ၏ကာကွယ်ရေးစွမ်းဆောင်ရည်များ စဉ်ဆက်မပြတ်ဖြည့်ဆည်းနိုင်ရေးအတွက် ဘဏ္ဍာရေးအရင်းအမြစ်များ ခိုင်မာသေချာမှုရှိစေမည့် အထူးအစီအမံများနှင့်စပ်လျဉ်းသည့် အသုံးစရိတ်ဥပဒေမူကြမ်းများဖြင့် ခွင့်ပြုသွားရန်ကြိုးပမ်းလျက်ရှိသည်။

အဆိုပါဥပဒေပြုမှုများဖြင့် အစိုးရသည် ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြု ရန်ပုံငွေထူထောင်သွားနိုင်မည်ဖြစ်ပြီး အနာဂတ်ကာကွယ်ရေးအသုံးစရိတ်အတွက် အခွန်အကောက်မှရရှိခြင်းမဟုတ်သည့် ဝင်ငွေများဖြင့် အဆိုပါရန်ပုံငွေကို ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၎င်း၏မူဘောင်နှင့် အခွင့်အလမ်းများအတွင်းမှ ကာကွယ်ရေးဘတ်ဂျက်ကို အကောင်းဆုံးဖြည့်ဆည်းပေးလျက်ရှိသော်လည်း အဆိုပါဝင်ငွေများအပေါ် လုံးလုံးလျားလျား မှီခိုအားထားနိုင်မည် မဟုတ်ကြောင်း သိရသည်။

ဘဏ္ဍာနှစ်အလိုက် ဘတ်ဂျက်ပိုငွေများအနက်မှ အနည်းဆုံး ၅၀ ရာခိုင်နှုန်းခန့်ကို အစိုးရ၏ စာချုပ်စာတမ်းများအတွက် လိုအပ်သည်များကုစားသွားရေးအတွက် သုံးစွဲသွားရန်ခွဲဝေထားရှိရကြောင်းနှင့် ကျန်ရှိသည့်ပိုငွေများကို အစဉ်အလာအားဖြင့် လာမည့်နှစ်၏ ဖြည့်စွက်ဘတ်ဂျက်အတွက် သုံးစွဲသွားရလေ့ရှိကြောင်း ပြည်သူ့ဘဏ္ဍာရေးဥပဒေ၌ ဖော်ပြထားသည်။

ဆိုရလျှင် ကိုဗစ်-၁၉ ကပ်ရောဂါအတွက် အရေးပေါ်ရန်ပုံငွေများကို သုံးစွဲခြင်းမရှိသောကြောင့် မကြာသေးမီနှစ်များအတွင်း ဘတ်ဂျက်ပိုငွေများမြင့်တက်လာခြင်းဖြစ်သည်။ သို့သော် မလိုလားအပ်သော ကိစ္စရပ်များအတွက် ဘတ်ဂျက်အသုံးစရိတ်ပိုမိုအောင်ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းသည် တရားမျှတသော လုပ်ဆောင်မှုမဟုတ်ဟု ဆိုသည်။

ဂျပန်လူမှုအသိုက်အဝန်းသည် အသက်အရွယ်ကြီးရင့်သူ ပိုမိုများပြားလာပြီး လူမှုသက်သာချောင်ချိရေးစရိတ်များ မြင့်တက်လာခြင်းတို့ကြောင့် အသုံးစရိတ်များ လျှော့ချသွားရေးသည် မလွယ်ကူသောကိစ္စပင်ဖြစ်သည်။ ကီရှီဒါသည် ကလေးငယ်များနှင့် ဆက်နွယ်သောဘတ်ဂျက်ကို နှစ်ဆတိုးမြှင့်သွားရန်လည်း ကတိကဝတ်ပြုထားသည်။ အခွန်ငွေမဟုတ်သော အစိုးရ၏ဝင်ငွေများအနက်မှ တစ်ခုမှာ ပြည်ပငွေကြေးလဲလှယ်မှုရန်ပုံငွေပင်ဖြစ်သည်။ လွန်ခဲ့သောဘဏ္ဍာနှစ်အတွင်း ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းမှုနှင့် နိုင်ငံခြားငွေကြေးများ အတိုးနှုန်းမြင့်တက်လာခြင်းတို့ကြောင့် ပြည်ပငွေကြေးလဲလှယ်မှု ရန်ပုံငွေသည် စံချိန်တင် ပိုလျှံခဲ့သည်။

အဆိုပါငွေစာရင်း၏ရည်ရွယ်ချက်သည် ပြည်ပငွေလဲလှယ်ရာတွင် ငွေကြေးမတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်လာနိုင်သည့်ထိခိုက်မှုများကို လျှော့ချသွားနိုင်ရန်ပင်ဖြစ်သော်လည်း ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲသွားရေးအတွက် အာမခံချက်ပေးထားခြင်းတော့မဟုတ်ပေ။ ဘဏ္ဍာရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေအစီအစဉ်များ သို့မဟုတ် အစိုးရပိုင်ဆိုင်မှုများတွင် ရင်းနှီးမတည်ခြင်းအပါအဝင် အခွန်အကောက်မဟုတ်သော အခြားဝင်ငွေများမှလည်း စဉ်ဆက်မပြတ် ရရှိနိုင်မည်မဟုတ်ချေ။

ကာကွယ်ရေးအသုံးစရိတ်များတွင် ရန်ပုံငွေထူထောင်ခြင်းသည် ကီရှီဒါ၏ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP) အတွင်း၌ အခွန်ငွေတိုးမြှင့်ကောက်ခံသွားလိုသည့်အုပ်စုနှင့် ကြွေးမြီထုတ်ချေးပေးသွားလိုသည့်အုပ်စုများကြား သဘောထားကွဲလွဲမှုများ မြင့်တက်လာလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ကီရှီဒါအစိုးရက ၎င်းတို့အနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ မူဘောင်အောက်တွင် အသစ်ကောက်ခံရရှိသောအခွန်ငွေမှ ကာကွယ်ရေးဘတ်ဂျက်ကို လေးပုံတစ်ပုံ တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသွားခဲ့သည်။

အဆိုပါကြေညာချက်သည် အခွန်ငွေတိုးမြှင့်ကောက်ခံမှုကို ဝေဖန်လျက်ရှိသော LDP နိုင်ငံရေးသမားများကို ဒေါသူပုန်ထစေခဲ့ပြီး အစိုးရငွေချေးစာချုပ်များ ထပ်မံထုတ်ပေးသွားရန် တောင်းဆိုမှုများ ဖြစ်ပေါ်လာစေခဲ့သည်။ LDP မူဝါဒ သုတေသနကောင်စီမှ ကိုအီချိဟာဂီဒါ က အစိုးရသည် အခွန်ငွေကောက်ခံရေးဆိုင်ရာ ဆွေးနွေးမှုများမလုပ်ဆောင်မီ အခွန်အကောက်မဟုတ်သော ဝင်ငွေများရှာဖွေသွားရန် အကောင်းဆုံးကြိုးစားခဲ့ကြောင်း ပြောကြားသွားခဲ့သည်။

LDP နိုင်ငံရေးသမား ရှိဂဲဟာရုအိုယာမကလည်း ကာကွယ်ရေးအသုံးစရိတ်အတွက် အခွန်ငွေတိုးမြှင့်ကောက်ခံခြင်းသည် တရားမျှတမှုမရှိကြောင်း၊ အမျိုးသားကာကွယ်ရေးအသုံးစရိတ်သည် တိုင်းပြည်၏ တာဝန်ပင်ဖြစ်ကြောင်းနှင့် ပြည်သူများ၏တာဝန်မဟုတ်ကြောင်းပြောဆိုခဲ့ပြီး အခွန်ငွေသည် တည်ငြိမ်မှုရှိသော ဝင်ငွေအရင်းအမြစ်ဖြစ်သည်ဆိုသော အစိုးရ၏အမှတ်တံဆိပ်ကပ်မှုကိုလည်း အခွန်ငွေသည် စီးပွားရေးအခြေအနေပေါ် လုံးလုံးလျားလျားတည်မှီတည်လျက်ရှိကြောင်းပြောဆိုကာ ပယ်ချခဲ့သည်။

အခွန်တိုးမြှင့်ကောက်ခံမှုကို ဆန့်ကျင်ကန့်ကွက်သည့်အုပ်စုသည် ကာကွယ်ရေးတည်ဆောက်မှုအတွက် ဆောက်လုပ်ရေးဆိုင်ရာ ငွေချေးစာချုပ်များအပါအဝင် အစိုးရငွေချေးစာချုပ်များကို အသုံးပြုသွားရန် တိုက်တွန်းလျက်ရှိသည်။ ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့အတွက် သင်္ဘောတည်ဆောက်ရာတွင် ဆောက်လုပ်ရေးဆိုင်ရာငွေချေးစာချုပ်ကို သုံးစွဲလျက်ရှိသည်။ အစိုးရသည် ကာကွယ်ရေးဝန်ကြီးဌာနနှင့် SDF အခြေခံအဆောက်အအုံများအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံနှင့် သင်္ဘောတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံအပါအဝင် ကာကွယ်ရေးအတွက် ဆောက်လုပ်ရေးဆိုင်ရာငွေချေးစာချုပ်များကို ဥပဒေနှင့်အညီ အတည်ပြုထားရှိပြီးဖြစ်သည်။

အစိုးရအနေဖြင့် အခွန်ငွေတိုးမြှင့်ကောက်ခံခြင်း သို့တည်းမဟုတ် ချေးငွေထုတ်ပေးခြင်း စသည့်နည်းလမ်းနှစ်ရပ်အနက် တစ်ခုကိုရွေးချယ်သွားရတော့မည်ဖြစ်သည်။ စီစဉ်ထားသည့်အတိုင်း လိုအပ်သော အရင်းအနှီးများ မရရှိဘူးဆိုလျှင် SDF အဆောက်အအုံများ ဆောက်လုပ်ရေးအတွက် ဆောက်လုပ်ရေးဆိုင်ရာ ငွေချေးစာချုပ်များ ထုတ်ပေးခြင်း၊ သို့တည်းမဟုတ် ကာကွယ်ရေးတည်ဆောက်မှုအတွက် သမိုင်းဝင် ကာကွယ်ရေးငွေချေးစာချုပ်ထုတ်ပေးခြင်းများဖြင့် လုပ်ဆောင်သွားရတော့မည်ဖြစ်သည်။

မည်သို့ပင်ဆိုစေ ဂျပန်အစိုးရသည်ကာကွယ်ရေးအသုံးစရိတ်နှင့်ပတ်သက်၍ ဆွေးနွေးနေရသည့်အပြင် SDF ၏စွမ်းဆောင်ရည်များမှာလည်း အရေးပါလျက်ရှိသောကြောင့် ပညာရှင်များသည် ဂျပန်နိုင်ငံ၏ စီးပွားရေးနှင့် ကာကွယ်ရေးဆိုင်ရာ မူဝါဒများကြားဆက်ဆံရေးကို သတိထားစောင့်ကြည့်လျက်ရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

❖ လာမည့် ငါးနှစ်အတွင်း ဂျပန်နိုင်ငံသည် ကာကွယ်ရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၃၀ အသုံးပြုသွားရန် စီစဉ်ထားရှိသည်။ ၂၀၂၇ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၆၆ ဘီလီယံထိရှိလာမည်ဖြစ်သည်။ ၎င်းပမာဏသည် ၂၀၂၃ ခုနှစ်တွင်ရှိသည့် ဂျပန် GDP ၏ နှစ်ရာခိုင်နှုန်းနှင့်သာ ပမာဏတူညီမည်ဖြစ်သည်။ ဂျပန်နိုင်ငံသည် ၂၀၂၇ ခုနှစ်တွင် GDP ၏ နှစ်ရာခိုင်နှုန်းထိ ကာကွယ်ရေးအသုံးစရိတ်ရရှိဦးမည်မဟုတ်သေးသော်လည်း ကမ္ဘာ့တတိယအများဆုံး စစ်ရေးအသုံးစရိတ် သုံးစွဲသူဖြစ်လာနိုင်ပေသည်။ ❖

**ကိုးကား**

- **The fight to finance Japan's historic defense splurge by Asia Times.**

မောင်စိန်အိ(နဘဲမြေ)

# Ceremony to honour medalists of Myanmar sports contingents to 12th SEA Para Games and 17th SEA (Invitational) Body Building and Physique Sports Championships by the State held; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address and presents awards


Senior General Min Aung Hlaing addresses the ceremony.

**Nay Pyi Taw June 17**

Ceremony to honour medalists of Myanmar sports contingents to 12th SEA Para Games hosted by Cambodia and 17th SEA (Invitational) Body Building and Physique Sports Championships hosted by Indonesia by the State was held at Wunna Theikdi Stadium B here this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, who also gave away honory cash awards.

Also present were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union level officials, union ministers, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, deputy ministersa, chairs and vice chairs of Myanmar sports federations, honoured guests, medalists, managers, coaches and officials.

The Senior General said sports activities are for health and fitness of the entire nation. In addition, sports victories at international games improve the country's international image. Sport is not only an activity for health, it enhances the standard and reputation of the people and country as it has the influence over the changing conditions. So, sport has become a national task that can enhance the dignity of the country and people.

In this world today, people sustain injuries due to various kinds of natural disasters, conflicts, fightings, bomb attacks and terrorist attacks in human societies. There are also people with inborn disorders including deafness and dumbness, amputation, mental retardation. The global population of people with disabilities now is 16% of the global population or about 1300 million, according to 2022 WHO report. The 2019 interim census shows that 12.8% of Myanmar's population or over 5.969 million are persons with disabilities.

The task of promoting education, health and mental encouragement of persons with disabilities has become an important issue as they too are human beings. The section 32(a) of 2008 Constitution calls for the State to protect persons with disabilities. Hence, Right of Persons with Disabilities Law was enacted in 2015, and priority has been given to fulfilling their education, health and development needs. Nowadays, the international community including UN has given serious attention to the issue of persons with disabilities. As an ASEAN member, Myanmar joined the ASEAN Para Sports Federation (APSF), established to enhance the standard of para games and friendship in the region. The country is taking part in the ASEAN Para Games annually.

Although the number of athletes of Myanmar contingent was small, it won medals in every event. In the 11th SEA Para Games hosted by Indonesia in 2022, the 69-member Myanmar contingent won 43 medals including 14 gold and won the sixth position in nation-wise medal standings. In this year's games, the 82-member contingent took part in eight events and **won 15 gold medals, 22 silver medals and 19 bronze medals, totaling 56 and stood at sixth position**. The para games stand witness to ability of persons with disabilities of Myanmar to improve the national image.

Myanmar athletes won 15 gold medals in track and field and swimming, 22 silver medals in track and field, swimming and weightlifting, and 19 bronze medals in track and field, swimming, weightlifting, chess and goalball. Although they did not with gold, silver medalists are also honourable as they reached the final and did their best.

Eighty athletes from eight countries, Myanmar, Brunei, Laos, Cambodia, Thailand, Indonesia, Vietnam and Malaysia took part in the 17th SEA (Invitational) Body Building and Physique Sports Championships held in Banten, Indonesia, from 8 to 12 June 2023. Honorary cash awards will also be presented to the athletes who took back home one gold, three silver and three bronze, totaling seven medals. Body building and physical fitness are important for every person. As the 32nd SEA Games did not include body building and physical fitness, the relevant federation held the Championship events. Perseverance, zeal and spirit of the medalists of the para games and championships in striving to win medals, to raise the national flag at the international events and to put the nation to a deserved position in the medal standings are recorded, and the medalists are honoured.

Entrepreneurs, sports federation presidents and officials who helped achieve successes for the State and the people are urged to continue to give their encouragement and support. The athletes who won medals are to keep making efforts to win more medals in the next international sports events with a combined sense of perseverance, diligence, effort, training movements, good obedience of discipline and fighting spirit.


Senior General Min Aung Hlaing presents cash award to a medalist.

In accordance with the motto of the Myanmar Paralympic Sports Federation saying that disable or not, it is a human being and only the performance is main, the president of See Page 13



A medalist being presented with cash award.



A medalist being presented with cash award.

*From Page 12*

Myanmar Paralympic Sports Federation and officials are to keep urging and supervising their athletes so that they will keep training through building fighting spirit, patriotism and spirit of keep flying the flag. The athletes are also urged to make relentless efforts to achieve more successes in the next sports events to raise the prestige of the nation.

Then, Union Minister for Sports and Youth Affairs U Min Thein Zan briefed on the participation in the 12th ASEAN Para Games.

Afterwards, the triumphant athletes who won medals in 12th ASEAN Para Games, coaches and managers were presented cash prizes. The Senior General presented the cash prizes to Maung Aung Myint Myat who won two gold and silver each in swimming event, Lance Corporal Maung Lin who won one gold each in men's 800-metre and 1500-metre track and field and one silver in 400-metre, Sergeant Tin Nyo one gold each in shot-put throw and javelin throw and one silver in discus throw, Ma Htet Htet Aye one gold each in shot-cut throw and discus throw and one bronze in javelin, Ma Sein Phaut one gold each in shot-cut throw and javelin, Corporal Soe Pay one gold in men's 100-metre, one silver in 200-metre and one bronze each in 400-metre and 400-metre relay, Maung Min Htoo one gold in 50-metre breaststroke swimming event and one silver in backstroke, Maung Aung Phone Myat one gold in shot-cut throw and one silver in discus throw, Lance Corporal Aung Tun Lin one gold in discus throw and one silver in shot-cut throw, and Lance Corporal Ye Min Soe one gold in discus throw and Maung Nyein Chan who won one gold in the 17th Southeast Asia Bodybuilding and Physique Sports Championship.

Next, Joint Secretary of the Council Lt-Gen Ye Win Oo presented cash prizes to Ma Wai Wai Thin who won one silver each in long jump, 400-metre and 200-metre, Ma Lawla Win one silver each long jump and 400-metre, Maung Sithu Htet one silver each in shot-cut and javelin, and Ma Nyein Sandar Aung two silver in weightlifting.

Then, Members of the Council General Mya Tun Oo, Lt-Gen Soe Htut, Daw Dwe Bu and Mahn Nyein Maung, Dr. Hmu Htan, Chief of General Staff (Army, Navy and Air) General Maung Maung Aye and senior military officers presented cash prizes to the athletes who won silver and bronze medals, the administrative team and coaches respectively.

Corporal Soe Pay who won one gold in men's 100-metre, one silver in 200-metre and one bronze each in 400-metre and 400-metre relay in the 12th ASEAN Para Games and Maung Nyein Chan who won one gold in the 17th Southeast Asia Bodybuilding and Physique Sports Championship thanked the Senior General and dignitaries for the prizes.

Later, the Senior General and party cordially greeted the athletes and coaches who brought honour to the State.

At the ceremony held today, the gold medal winners in the 12th ASEAN Para Games were awarded MMK 30 million each, the silver medal winners MMK 20 million each, the bronze medal winners MMK 10 million each, and bronze medal winners in team event MMK 3.5 million each. Coaches and managers were presented MMK 10 million each for a gold medal on the basis of their game, MMK 5 million for silver each and MMK 3 million each for bronze, and MMK 1.2295 billion in total. Gold medal winners in the 17th Southeast Asia Bodybuilding and Physique Sports Championship were presented with MMK 10 million each, silver medal winners MMK 70 million each, bronze medal winners MMK 5 million each, and coaches and managers MMK 5 million each. The total amount of cash prizes presented at the ceremony today was MMK 1,2805 billion. 100

# Sudan crisis: Five children among 17 killed in air strikes

**Khartoum June 17**

Seventeen people - five children - have been killed in an air strike in Sudan's capital, Khartoum, officials say.

Twenty-five homes were destroyed in Saturday's strike in the densely populated Yarmouk district.

It came a day after a top army general threatened to step up attacks against the paramilitary Rapid Support Forces.

Fighting between the Sudanese army and the RSF broke out mid-April as a result of a vicious power struggle within the country's military leadership.

In early June, the RSF claimed full control of Yarmouk, an area of the capital which houses an arms manufacturing facility.

Precise figures on the number of people killed in the fighting are difficult to establish, but it is believed to be well over 1,000, including many civilians caught in the crossfire.

Roughly 2.2 million people have been displaced within the country and more than half a million are sheltering in neighbouring countries, according to the UN.

Several ceasefires have been announced to allow people to escape the fighting but these have not been observed.

The recent attack targeted civilians in Mayo, Yarmouk, and Mandela areas, according to the RSF. The army has not commented. BBC



Nearly 1,000 civilians have been killed since the start of the conflict mid-April.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်နိုင်ငံက အရှေ့အလယ်ပိုင်းသို့ တိုက်လေယာဉ်များ ထပ်မံစေလွှတ်ခဲ့



အမေရိကန်နိုင်ငံသည် အရှေ့အလယ်ပိုင်းသို့ F-22 တိုက်လေယာဉ်များ ထပ်မံစေလွှတ်ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ဇွန် ၁၄ ရက်တွင် ကြေညာခဲ့သည်။

ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားမှုအများအပြားအပါအဝင် ဒေသတွင်းရှိ ရုရှားနိုင်ငံမှ တိုက်လေယာဉ်များ၏ ဘေးကင်းစိတ်ချရမှုမရှိသော လှုပ်ရှားစစ်ကစားပွဲသန်မှုများအပေါ် တုံ့ပြန်ရန်အတွက် အမေရိကန်စစ်ဘက်သည် အရှေ့အလယ်ပိုင်းဒေသသို့ နောက်ထပ်တိုက်လေယာဉ်များထပ်မံစေလွှတ်ခဲ့သည်။

ဗာဂျီးနီးယားပြည်နယ်ရှိ Langley လေတပ်အခြေစိုက်စခန်းမှ F-22 တိုက်လေယာဉ်များကို စေလွှတ်တပ်ဖြန့်ခဲ့ခြင်းဖြစ်ကြောင်း အရှေ့အလယ်ပိုင်း၊ အာရှအလယ်ပိုင်းနှင့် အာဖရိကဒေသများရှိ အမေရိကန်စစ်ဘက် စစ်ဆင်ရေးများကို ကြီးကြပ်ကွပ်ကဲနေသည့် Central Command (CENTCOM) ၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံ တိုက်လေယာဉ်များ၏ အန္တရာယ်ရှိစွာ ပရော်ဖက်ရှင်နယ်မဆန်သော အပြုအမူများကြောင့် အမေရိကန်၏ အုပ်ချုပ်ထောက်ပံ့မှုနှင့်စွမ်းဆောင်ရည်ကို ဘက်ပေါင်းစုံမှပြသသည့် တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း CENTCOM က ဇွန် ၁၄ ရက်တွင် ထုတ်ပြန်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မကြာသေးမီရက်သတ္တပတ်များအတွင်း ဆီးရီးယားရှိ အမေရိကန်အခြေစိုက်စခန်းများအပေါ်မှ ရုရှားတိုက်လေယာဉ်များသည် မဆင်မခြင် လေကြောင်းပျံသန်းမှုများ ပြုလုပ်ခဲ့သည်ဟု ပင်တဂွန်စစ်ဌာနချုပ်မှ တာဝန်ရှိသူများကစွပ်စွဲခဲ့ပြီး CENTCOM ကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီး Erik Kurilla က မတ်လကတည်းက ရန်စသည့်လုပ်ရပ်များတွင် သိသိသာသာတိုးလာခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ဧပြီလတွင် Wall Street Journal နှင့် အင်တာဗျူးတွင် လေတပ်ဗိုလ်ချုပ်ကြီး Alexus Grynkewich က တင်းမာမှုများ မြင့်တက်လာခြင်းသည် ဆီးရီးယားတွင် တပ်စွဲထားသော ရုရှားနှင့် အမေရိကန် လေယာဉ်မှူးများကြားတွင် နားလည်မှုမှားယွင်းခြင်းဆီသို့ ဦးတည်သွားစေနိုင်ပြီး မတ်လနှင့်ဧပြီလကြား၌ သီးခြားဖြစ်ရပ် ၆၀ ရှိကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံကလည်း ဆီးရီးယားနိုင်ငံတွင် ပရော်ဖက်ရှင်နယ်မဆန်သော အပြုအမူဟု အမေရိကန်နိုင်ငံကို အလားတူစွပ်စွဲပြောကြားခဲ့သည်။

ပြီးခဲ့သည့်လက ဆီးရီးယားရှိတပ်ဖွဲ့များကြား ပြန်လည်ပေါင်းစည်းရေးဌာနချုပ်ရှိ ဒုတိယဌာနမှူး ရုရှားရေတပ်ဗိုလ်ချုပ်ကြီး Oleg Gurinov က အမေရိကန် စစ်လေယာဉ်များသည် ပဋိပက္ခဖြစ်ပွားမှုဆိုင်ရာ ပရိုတိုကောများကို ပြင်းပြင်းထန်ထန် ချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေသည်ဟု ပြောဆိုခဲ့သည်။

အမေရိကန်လေတပ်မှ လေယာဉ်မှူးများသည် ဆီးရီးယားအရှေ့ပိုင်းတွင်စီစဉ်ထားသော ပျံသန်းမှုများလုပ်ဆောင်နေသည့် ရုရှားအာကာသတပ်ဖွဲ့မှ တိုက်လေယာဉ်ဆီသို့ ချဉ်းကပ်ပျံသန်းလာသည့်အခါ လက်နက်စနစ်များကို အသက်သွင်း၍ ပျံသန်းမှုများ ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

လက်ရှိတွင် အမေရိကန်နိုင်ငံသည် ဆီးရီးယားနိုင်ငံတွင် ကြည်းတပ် တပ်ဖွဲ့ဝင် ဦးရေ ၉၀၀ ခန့်ကို တပ်စွဲထားပြီး ဒေသတွင်းရှိ လေတပ်အခြေစိုက်စခန်းများနှင့် ကွန်ရက်ချိတ်ဆက် လုပ်ဆောင်နေခြင်းဖြစ်သည်။

အီရန်နိုင်ငံ၏ မတည်မငြိမ်ဖြစ်စေသော လုပ်ရပ်များကို တုံ့ပြန်သည့်အနေဖြင့် ပါရှန်ပင်လယ်ကွေ့တွင် နောက်ထပ် ရေကြောင်းစွမ်းအားဖြန့်ကြက်မှုများနှင့်အတူ အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးအနေအထားကိုခိုင်မာအားကောင်းစေမည်ဟု CENTCOMဌာနချုပ်က ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ တိုက်လေယာဉ်များ ထပ်မံအင်အားဖြည့်တင်းခဲ့ခြင်းလည်းဖြစ်သည်။

**US sends more fighter jets to its Middle East ကို ဘာသာပြန်ဆိုထားပါသည်။**

## UVision နှင့် Axxeum ကုမ္ပဏီတို့ပူးပေါင်း၍ Loitering Munition တင့်ဖျက်ဒရုန်းကို စမ်းသပ်ပစ်လွှတ်ခဲ့

အမေရိကန်အခြေစိုက် UVision နှင့် Axxeumကုမ္ပဏီတို့သည် မကြာသေးမီက ရဟတ်ယာဉ်ပေါ်မှ သယ်ဆောင်ပစ်လွှတ်တိုက်ခိုက်နိုင်သော Loitering Munition တင့်ဖျက်ဒရုန်းတစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ဇွန် ၁၅ ရက်က The Defense Post တွင် ရေးသားဖော်ပြထားသည်။

အဆိုပါစမ်းသပ်မှုတွင် Bell 412EP ရဟတ်ယာဉ်သည် မေလက Yuma Proving လေ့ကျင့်ရေးကွင်း၌ ပြုလုပ်သည့် EDGE 23 သရုပ်ပြပွဲစဉ်အတွင်း မြေပြင်ပစ်မှတ်ကို ထိမှန်ဖျက်ဆီးနိုင်ရန် Hero 120 Loitering Munition များကို အသုံးပြုပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

Hero 120 တွင် အကွာအဝေး ၂၅ မိုင်အတွင်း ချိတ်ဆက်လုပ်ဆောင်နိုင်ပြီး ပေါက်ကွဲယမ်းထိပ်ဖူး ၁၀ ပေါင်ထိ သယ်ဆောင်နိုင်စွမ်းရှိသည်။

ထုတ်လုပ်သူများသည် ရဟတ်ယာဉ်မှ တင့်ဖျက်၊ သံချပ်ကာဖျက်ကျည်များကို ဘေးကင်းလုံခြုံစွာ စမ်းသပ်ပစ်လွှတ်ခြင်းများအပါအဝင် အာရုံခံကိရိယာမှ ပစ်လွှတ်သူသို့ အချက်အလက်ပေးပို့ ချိတ်ဆက်လုပ်ဆောင်ခဲ့မှုများနှင့်ပတ်သက်၍ စမ်းသပ်ခဲ့ခြင်းလည်းဖြစ်သည်။

၎င်းတို့သည် ရဟတ်ယာဉ်ပေါ်ပါ အော်ပရေတာနှင့်မြေပြင်အော်ပရေတာတို့ကြား နည်းဗျူဟာဆိုင်ရာ ထိန်းချုပ်မှု အချက်အလက်များ လွှဲပြောင်းခြင်းကို ခြောက်ကြိမ်တိုင်တိုင် စမ်းသပ်ခဲ့သည်။

ထို့ပြင် ရဟတ်ယာဉ်မှ ၁၈ ဒသမ ၆ မိုင်အကွာအဝေးအတွင်းစနစ်ကို ထိန်းချုပ်ခြင်း၊ ၃၁ မိုင်ကျော်ပျံသန်း၍ မြေပြင်ပစ်မှတ်ကို ထိထိရောက်ရောက် တိုက်ခိုက်ခြင်းများ စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း UVision ကုမ္ပဏီ၏ အမေရိကန်လုပ်ငန်းခွဲမှ ရှင်းပြခဲ့ကြောင်း သိရသည်။

လေကြောင်းဝန်ဆောင်မှု Axxeum ကုမ္ပဏီသည် သေတ္တာပုံစံလောင်ချာ၏ စက်ပိုင်းဆိုင်ရာ အထိုင်စနစ်ကို အပြည့်အဝ ဒီဇိုင်းထုတ်ကာ ဖွဲ့စည်းပုံနှင့် Payload တင်ဆောင်နိုင်စွမ်းအား ခွဲခြမ်းစိတ်ဖြာမှုများကိုပြုလုပ်ခဲ့ပြီး ဘေးကင်းလုံခြုံသော စမ်းသပ်ပျံသန်းမှုများကို တာဝန်ယူပြုလုပ်ပေးခဲ့သည်။

တိကျသောပုံစံနှင့် လွှတ်တင်ခြင်းများတွင် သေချာစေရန် ရဟတ်ယာဉ်၏ လျှပ်စစ်စနစ်များ သို့မဟုတ် ပျံသန်းမှုထိန်းချုပ်မှုများနှင့် ပေါင်းစပ်လုပ်ဆောင်ရန်မလိုအပ်ဘဲ လျှပ်စစ်ဖြင့်လွှတ်တင်နိုင်မည်ဖြစ်သည်။

ကုမ္ပဏီသည်စနစ်၏စွမ်းဆောင်ရည်နှင့်ရဟတ်ယာဉ်ပေါ်ရှိ အကျိုးသက်ရောက်မှုကို စိတ်ချရသည်ထိ စက်ပိုင်းဆိုင်ရာ၊ လေခွင်းအားနှင့်ပတ်သက်၍ စမ်းသပ်မှုများကို ငါးလကြာ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့သည်ဟု UVision Air Ltd ၏ CEO ဖြစ်သူ ဗိုလ်ချုပ် (အငြိမ်းစား) Avi Mizrachi က ရှင်းပြခဲ့သည်။



**UVision Demonstrates Helicopter Launch of Anti-Tank Loitering Munition ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၃၂၅ သန်းဖိုးရှိ လုံခြုံရေးအထောက်အပံ့ပက်ကေ့ချ် ပေးပို့မည်ဟု အမေရိကန်ကြေညာ



အမေရိကန်နိုင်ငံသည် ယူကရိန်းတို့၏ တန်ပြန်ထိုးစစ်တင်ခဲ့ပြီးနောက် လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ HIMARS ခဲယမ်းမီးကျောက်များနှင့် သံချပ်ကာယာဉ်များ အပါအဝင် အမေရိကန်ဒေါ်လာ ၃၂၅ သန်းတန်ဖိုးရှိ လုံခြုံရေးအကူအညီများ ယူကရိန်းသို့ ထပ်မံပေးပို့သွားမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က ပြောကြားခဲ့ကြောင်း ဇွန် ၁၃ ရက်က Sputnik သတင်းဌာနတွင် ဖော်ပြထားသည်။

"အမေရိကန်ဒေါ်လာ ၃၂၅ သန်းတန်ဖိုးရှိတဲ့ လက်နက်နဲ့ ပစ္စည်းကိရိယာတွေကို ထောက်ပံ့ပေးမဲ့ ယူကရိန်းအတွက် ကျွန်တော်တို့ရဲ့ အကြိမ် ၄၀ မြောက် စစ်ဘက်အကူအညီပေးရေး ပက်ကေ့ချ်ကို ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒီလုံခြုံရေးအကူအညီတွေမှာ အရေးကြီးတဲ့လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်၊ High Mobility Artillery Rocket Systems အတွက် နောက်ထပ် ခဲယမ်းတွေ၊ အမြောက်ကျည်တွေ၊ တင့်ဖျက်လက်နက်တွေ၊ သံချပ်ကာယာဉ်တွေနဲ့ စစ်မြေပြင်မှာ ယူကရိန်းတပ်ဖွဲ့တွေ တောင့်တင်းခိုင်မာဖို့ မရှိမဖြစ်လိုအပ်တဲ့ အခြားစက်ပစ္စည်းကိရိယာတွေပါဝင်ပါတယ်"ဟု ၎င်းကပြောကြားခဲ့သည်။

ယူကရိန်းအတွက်ကန်ဒေါ်လာ ၃၂၅ သန်း ထောက်ပံ့မှုသစ်တွင် Stinger လေယာဉ်ပစ်ပခုံးထမ်းဒုံးကျည်စနစ်များ၊ Javelin တင့်ဖျက်စနစ်များနှင့်Bradleyသံချပ်ကာခြေလျင်တိုက်ခိုက်ရေးယာဉ် ၁၅ စီးတို့ ပါဝင်ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

**US Unveils $325mln Security Aid Package for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မအူပင်မြို့နယ်တွင် ရွှေဟင်္သာသရက်သီး ၁၀ လုံးတစ်ဖာလျှင် ငွေကျပ် ၅၅၀၀ ဈေးရရှိ



**မအူပင် ဇွန် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှထွက်ရှိသော ရွှေဟင်္သာသရက်သီး ၁၀ လုံး တစ်ဖာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း မအူပင်မြို့နယ်ရှိ သရက်သီးရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ငွေငွေဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ပြီးခဲ့သည့်ဧပြီလနှင့် မေလက ဒေသထွက်ရွှေဟင်္သာသရက်သီး ၁၀ လုံး တစ်ဖာလျှင် ငွေကျပ် ၃၈၀၀ ဈေးပေါက်ခဲ့သော်လည်း လက်ရှိ ဇွန် ၁ ရက်မှ ယနေ့ထိ ရွှေဟင်္သာသရက်သီး ၁၀ လုံးတစ်ဖာလျှင် ငွေကျပ် ၅၅၀၀ ထိ ဈေးရရှိနေကြောင်း၊ အဆိုပါ သရက်သီးဈေးကောင်းရရှိလာခြင်းသည် ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ဇွန်လထဲမှာ သရက်သီးတွေ ဝယ်ယူမှုအားကောင်းပြီး ဈေးကောင်းနေတာဖြစ်ပါတယ်။ လက်ရှိ သရက်သီး ၁၀ လုံး တစ်ဖာကို ငွေကျပ် ၅၅၀၀ ထိ ဈေးကောင်းရရှိနေတယ်။ ကုန်သည်တွေ အများစုကနေ သရက်သီးကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချဖို့အတွက် ဝယ်ယူလာလို့ အခုလို ဈေးကောင်းရနေတာဖြစ်တယ်။ ရွှေဟင်္သာသရက်သီးက နိုင်ငံခြားဈေးကွက်ရှိတဲ့ သရက်သီးဖြစ်ပါတယ်။ လာမဲ့ ဇူလိုင်လကုန်ထိ သရက်သီးတွေ ထွက်ရှိနေအုံးမှာပါ။ အရင်ထက်တော့ သရက်သီး နည်းနည်းတော့ ရှားပါးလာတယ်။ တချို့ကုန်သည်တွေကလဲ သရက်သီးရှားနေတော့ ခြံပြတ်စနစ်နဲ့ ဝယ်ယူသူတွေလဲရှိလာတာ တွေ့ရပါတယ်" ဟု မအူပင်မြို့နယ်ရှိ သရက်သီးရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ငွေငွေဝင်းက ပြောပြသည်။

မအူပင်မြို့နယ်တွင် သရက်စိုက်တောင်သူ ၄၃ ဦးရှိပြီး ရွှေဟင်္သာသရက်သီးအပြင် ရင်ကွဲ၊ မချစ်စု စသည့်သရက်သီးအမျိုးအစားများကိုလည်း စိုက်ပျိုးကြကြောင်း၊ အဆိုပါဒေသမှထွက်ရှိသည့် ရွှေဟင်္သာသရက်သီးများကို ရန်ကုန်မြို့နှင့် ပုသိမ်မြို့တို့သို့ အဓိက တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပဈေးကွက်များကို တင်ပို့ဖြန့်ဖြူးရောင်းချနေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကွန်ဟိန်းမြို့နယ် ဟိုကျယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွန်ဟိန်း ဇွန် ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုကျယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဟိုကျယ်ကျေးရွာ၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ဟိုကျယ်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၂ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟိုကျယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးအား ငွေကျပ် ၁၅၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးအား ငွေကျပ် ၁၀၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးအား ငွေကျပ် သိန်း ၂၃၀ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၉ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# မြောက်ဦးမြို့နယ် ဖြုတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြောက်ဦး ဇွန် ၁၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖြုတ်ချောင်းကျေးရွာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဇွန် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးဘစောနှင့် တာဝန်ရှိသူများက ဖြုတ်ချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းများပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖများ၊ တာဝန်ရှိသူများက တင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြောက်ဦးမြို့နယ် ဖြုတ်ချောင်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးတို့အား ငွေကျပ် သိန်း ၃၈၀ ထိ ထုတ်ချေးပေးထားကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုသန်း**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၇-၆-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၁၅၀၀/၁၂၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)

### အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က ဆုရအားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ဆုရအားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဆုရအားကစားသမားတစ်ဦးကို ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က ဆုရအားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က ဆုရအားကစားသမားများကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

အားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကိုမှတ်တမ်းတင်ပြီး ယခုကဲ့သို့ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပြိုင်ပွဲအောင်မြင်စေရေးအတွက် ပံ့ပိုးကူညီပေးကြသည့် လုပ်ငန်းရှင်များ၊ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကလည်း ဆက်လက်အားပေးချီးမြှောက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ဆုတံဆိပ်များရရှိအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကလည်း မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင် ယခုထက် ပိုမိုအောင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလည်း **"မသန်လည်းလူ သန်လည်းလူ စွမ်းဆောင်မှုသာအဓိက"**ဆိုသည့် အဖွဲ့ချုပ်၏ ဆောင်ပုဒ်နှင့်အညီ မိမိတို့၏အားကစားသမားများကို မြန်မာလူမျိုးတို့၏ အနိုင်မခံအရှုံးမပေးသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက်စိတ်ဓာတ်၊ လှေခွက်ချည်းကျန်အလံမလှဲ စိတ်ဓာတ်၊ နိုင်ငံနှင့်လူမျိုးကိုချစ်သည့် အမျိုးသားရေးစိတ်ဓာတ်တို့ကို မွေးမြူပြီး ဆက်လက်လေ့ကျင့်သွားစေရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်သွားကြရန်၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် အားကစားသမားမောင်မယ်များ အနေဖြင့်လည်း လာမည့်အားကစားပြိုင်ပွဲများ၌လည်း ယခုထက်ပိုမိုအောင်မြင်မှုရရှိရေးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှမလျှော့သော ဇွဲ၊လုံ့လ၊ဝီရိယ၊အားမာန်စိတ်ဓာတ်၊ စည်းကမ်းတို့ဖြင့် ရေကုန်ရေခန်းဆက်လက်အားထုတ်ကြိုးပမ်းကြပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နိုင်ရေး လေ့ကျင့်ယှဉ်ပြိုင်သွားကြရန် အလေးအနက်ထားတိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက (၁၂)ကြိမ်မြောက်အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် (၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကိုဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရေကူးအားကစားနည်းတွင် ရွှေတံဆိပ် နှစ်ခုနှင့် ငွေတံဆိပ် နှစ်ခုရရှိခဲ့သည့် မောင်အောင်မြင့်မြတ်၊ ပြေးခုန်ပစ် အားကစားနည်း မီတာ ၈၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ်မောင်လင်း၊ သံလုံးပစ်ပြိုင်ပွဲနှင့် လုံတံပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခုနှင့် သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် တပ်ကြပ်ကြီးတင်ညို၊ သံလုံးပစ်ပြိုင်ပွဲနှင့် သံပြားပစ်ပြိုင်ပွဲတို့တွင် ရွှေတံဆိပ်နှစ်ခုနှင့် လုံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုရရှိခဲ့သည့် မထက်ထက်အေး၊ သံလုံးပစ်ပြိုင်ပွဲနှင့် လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုရရှိခဲ့သည့် မစိန်ဖော့၊ ပြေးခုန်ပစ် အားကစားနည်း မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊မီတာ ၄၀၀ ပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုရရှိခဲ့သည့် တပ်ကြပ်စိုးပေ၊ ရေကူးအားကစားနည်း မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုရရှိခဲ့သည့် မောင်မင်းထူး၊ သံလုံးပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ သံပြားပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုရရှိခဲ့သည့် မောင်အောင်ဘုန်းမြတ်၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ်အောင်ထွန်းလင်း၊ သံပြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုရရှိခဲ့သည့် ဒုတိယတပ်ကြပ်ရဲမင်းစိုး၊ (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖီတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။


ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပြေးခုန်ပစ်အားကစားနည်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုနှင့် မီတာ ၂၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုရရှိခဲ့သည့် မဝေဝေသင်း၊ အလျားခုန်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ မီတာ ၄၀၀ ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုရရှိခဲ့သည့် မလော်လာဝင်း၊ သံလုံးပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခု၊ လုံတံပစ်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုရရှိခဲ့သည့် မောင်စည်သူထက်၊ အလေးမအားကစားနည်းတွင် ငွေတံဆိပ် နှစ်ခုရရှိခဲ့သည့် မငြိမ်းစန္ဒာအောင်တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ဒေါ်ဒွဲဘူ၊မန်းငြိမ်းမောင်၊ဒေါက်တာမှုထန်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများက ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုများရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ အုပ်ချုပ်မှုအဖွဲ့နှင့် နည်းပြများကို ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။


ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင် ဆုတံဆိပ်ရအားကစားသမားများကိုယ်စား ပြေးခုန်ပစ်အားကစားနည်းမှ ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုရရှိခဲ့သည့် အားကစားသမားတပ်ကြပ်စိုးပေနှင့် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖီတ်ခေါ်)ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုရရှိခဲ့သည့် မောင်ငြိမ်းချမ်းတို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ယနေ့ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် **(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲတွင် တစ်ဦးချင်းပြိုင်ပွဲများ၌ ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊အသင်းလိုက်ပြိုင်ပွဲများ၌ ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းနှင့် အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် နည်းပြများနှင့်အုပ်ချုပ်သူများကို မိမိတို့အားကစားနည်းမှ ရွှေတံဆိပ်ရရှိခဲ့ပါက တစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ် သိန်း ၃၀ စီပေးအပ်ချီးမြှင့်ခဲ့ရာ စုစုပေါင်းချီးမြှင့်ငွေအနေဖြင့် ငွေကျပ် ၁၂၂၆၅ သိန်းဖြစ်**ကြောင်းနှင့် **(၁၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဖီတ်ခေါ်) ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၅၀၊ နည်းပြများနှင့်အုပ်ချုပ်သူများကို ငွေကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သဖြင့် ယနေ့ကျင်းပပြုလုပ်သည့်ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုဆုငွေချီးမြှင့်မှု စုစုပေါင်းမှာငွေကျပ် ၁၂၈၀၅ သိန်းဖြစ်**ကြောင်း သတင်းရရှိသည်။



နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား တပ်ကြပ်စိုးပေက ကျေးဇူးတင်စကားပြောကြားစဉ်။



နိုင်ငံ့ဂုဏ်ဆောင်အားကစားသမား မောင်ငြိမ်းချမ်းက ကျေးဇူးတင်စကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ သွားရောက်ကြည့်ရှုအားပေး



**စစ်တွေ ဇွန် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင် ဦးဆောင်သည့်အဖွဲ့ကို ယနေ့နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကိစ္စရပ်များ၊ စာရေးရိက္ခာစနစ်တကျဖြန့်ခွဲပေးလျက်ရှိသည့်အခြေအနေ၊မုန်တိုင်းဒဏ်သင့်ရခိုင်ပြည်နယ်အတွင်း မိခင်နှင့်ကလေးကျန်းမာရေးအတွက် အကူအညီဆောင်ရွက်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စစ်တွေတက္ကသိုလ်သို့ရောက်ရှိပြီး ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူလူထုတို့၏ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုသွားရောက်ကြည့်ရှုအားပေးရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်တွေတက္ကသိုလ်ပါမောက္ခချုပ်တို့က လိုက်လံရှင်းလင်းပြသကြသည်။

ထိုသို့ ကြည့်ရှုအားပေးနေစဉ်အတွင်း ဗိုလ်ချုပ်ကြီးတင်အောင်စန်းက လူ၊ စက်ယန္တရားများအသုံးပြု၍ ဦးစားပေးအဆင့်အတန်းသတ်မှတ်ကာ တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ မိုးတွင်းကာလဖြစ်သဖြင့် တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကြက်ကိုင်းတန်ကျေးရွာ စန္ဒာရာမပရိယတ္တိကျောင်းတိုက်ဓမ္မာရုံ၌ စစ်တွေမြို့ပြည်သူ့ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများက မုန်တိုင်းဒဏ်သင့်ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် ဆေးကုသမှုခံယူနေကြသူများကို ကြည့်ရှုအားပေးရာ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး အထူးကုဆရာဝန်ကြီးများနှင့် ဆေးကုသမှုခံယူလျက်ရှိသည့် ပြည်သူများကိုစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ သွားရောက်ကြည့်ရှုအားပေးစဉ်အတွင်း ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ဒုတိယဝန်ကြီးများနှင့်အတူ စစ်တွေမြို့နယ် ရွှေမင်းဂံဆိပ်ကမ်းသို့ ရောက်ရှိကြပြီး မိုခါမုန်တိုင်းဒဏ်ကြောင့် ပြိုလဲခဲ့သည့် သစ်ပင်များမှသစ်မြစ်ဆုံများကို ပန်းပုအတတ်ပညာဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်ရန် CHARITES သင်္ဘောအပြန်ခရီး၌ ရန်ကုန်ဆိပ်ကမ်းသို့ တင်ပို့သွားမည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဆက်သွယ်ရေးအော်ပရေတာများဖြစ်ကြသည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)၊ Mytel၊ Atom Myanmarနှင့် Ooredoo Myanmar မှ တာဝန်ရှိသူများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးစနစ်များ ထိခိုက်ပျက်စီးခဲ့မှုများကို အချိန်တိုအတွင်းရာနှုန်းပြည့်နီးပါးပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်နိုင်ခဲ့မှု၊ထိုသို့ပြန်လည်ပြင်ဆင်ရာတွင် မုန်တိုင်းဒဏ်ခံနိုင်သည့် မူလအနေအထားထက်ပိုမိုကောင်းမွန်သောနည်းပညာ၊စက်ပစ္စည်း၊အစားထိုးတပ်ဆင်ပေးရန်လိုအပ်မှု၊အော်ပရေတာများက မုန်တိုင်းသင့်ဒေသများ၌ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့်လူမှုရေးစသည့်ကဏ္ဍများတွင် Corporate Social Responsibility-CSR အစီအစဉ်ဖြင့် WiFi၊ Internet စနစ်များကိုအခမဲ့တပ်ဆင်၍ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများနှင့် မုန်တိုင်းဒဏ်သင့် ဒေသများအတွင်း ဆက်သွယ်ရေးကောင်းမွန်စေရန် အချိန်တိုအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်တက်ရောက်

**နေပြည်တော် ဇွန် ၁၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ကျင်းပသည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ် (26th St.Petersburg International Economic Forum)သို့ တက်ရောက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားပတ်ဝန်းကျင်ဆိုင်ရာဌာန အထွေထွေညွှန်ကြားရေးမှူး မစ္စတာ ဒန်းနစ်ဘတ်စေးအိဗ်နှင့်အဖွဲ့ကို ယမန်နေ့နံနက်ပိုင်းက တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား လူ့ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ကို ထိခိုက်စေသောသက်ရောက်မှုများကို တားဆီးရန်၊ စွမ်းအင်ထုတ်လုပ်ရန်အတွက် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန်၊ မြူနီစပယ်စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုစနစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာနိုင်ငံရှိ စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြားခြင်းဆိုင်ရာစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှား-အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာအိုင်ဗီယန်ဗီတိုရိုဗစ်ရှိပိုလီရာကော့ဗ်နှင့် ယနေ့နံနက်ပိုင်းတွင်တွေ့ဆုံပြီး ရုရှားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်နှင့် အယ်လ်ဂျီးရီးယားနိုင်ငံသမ္မတ အက်ဘ်ဒယ်လ်မက်ဂျစ်ဒ်တက်ဘ်ဘုန်းတို့က အဖွင့်မိန့်ခွန်းပြောကြားကြပြီး ရုရှားနိုင်ငံနှင့်ကမ္ဘာ့မျက်မှောက်ရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။ ယင်းဖိုရမ်သို့ နိုင်ငံပေါင်း ၁၃၀ မှ ဧည့်သည်တော်ပေါင်း ၁၇၀၀၀ ကျော် တက်ရောက်ကြသည်။

(၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ်နိုင်ငံတကာစီးပွားရေးဖိုရမ်သို့ ဒုတိယဝန်ကြီးချုပ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကဘဏ်များမှ ကိုယ်စားလှယ် ၂၄ ဦးပါဝင်တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် စီးပွားရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၂၀၂၃ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်စိုက်ပျိုး



**မန္တလေး ဇွန် ၁၇**

၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ် ကုသိုလ်တော်ဘုရားပရိဝုဏ်အနီးတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး နှင့် ခရိုင်အဆင့်တို့မှ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ အသင်းအဖွဲ့များ တက်ရောက်ကာ အတူတကွ အရိပ်ရပင်များစိုက်ပျိုးကြပြီး သစ်ပင်များစိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ခရေ၊ တမာ၊ မည်စည် သစ်မျိုးစုစုပေါင်း အပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၃ခုနှစ် မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲ ၃၂ ကြိမ် ကျင်းပစိုက်ပျိုးသွားမည်ဖြစ်ပြီး ယနေ့ထိ ၁၂ ကြိမ် ကျင်းပစိုက်ပျိုးပြီးဖြစ်ကြောင်း၊ မိုးရာသီတွင် စီးပွားရေးစိုက်ခင်း ဧက ၁၁၁၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၁၅၀၊ ကျေးရွာထင်းစိုက်ခင်း ဧက ၄၇၀ တည်ထောင်စိုက်ပျိုးရန် ပျိုးပင် ၁၄၃၇၇၂၀ နှင့် လူထုဖြန့်ပျိုးပင် ၁၂၀၀၀၀၀ စုစုပေါင်း ပျိုးပင် ၂၆၃၇၇၂၀ တို့ကို စိုက်ပျိုးဖြန့်ဝေဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ပါဒလိတ်ကျေးရွာနှင့် ရေချမ်းပြင်ကျေးရွာအတွင်းရှိ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ရေချမ်းပြင်ကျေးရွာ၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ပုဏ္ဏားကျွန်းမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဖက်ကျကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဖက်ကျကျေးရွာရှိ မူလဘုန်းတော်ကြီးကျောင်း၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကျောက်တော်မြို့ရှိ မြို့မရွှေကျောင်းဘုန်းတော်ကြီးကျောင်း၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် သောက်သုံးရေပေးဝေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်း၍ သပြေကုန်းရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ငကျဉ်တောက်ကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မြောက်ဦးမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွှေတောင်ဘုန်းတော်ကြီးကျောင်း၌ လဲကျနေသော သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ ကျောက်ပန္ဒုကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၇/ ၂၀၂၃**
၁၃၈၅ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါ်မြဒေးအား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၈/ ၂၀၂၃**
၁၃၈၅ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန်လ ၁၇ရက်)

**ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါ်စောရွှေအား ရခိုင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇွန် ၁၇**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှျစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်သည်။



ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှအေး ကျောက်ဖြူမြို့ အဝင် ပင်လယ်ကမ်းခြေသာယာလှပရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှအေးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ ကျောက်ဖြူမြို့အဝင် ပင်လယ်ကမ်းခြေနေရာသို့သွားရောက်၍ ကမ်းခြေ သာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များနှင့် စာသင်ကျောင်းများကို သန့်ရှင်းသာယာလှပရေး၊ အမှိုက်ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များအား သယ်ယူဆောင်ရွက်နေခြင်း၊ ရေမြောင်းများရှိ အမှိုက်များရှင်းလင်းခြင်းများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့ပြင် ငကျဉ်တောက်ကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ငကျဉ်တောက်ကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ သံတွဲမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်စိုးနိုင်ဦးနှင့် တာဝန်ရှိသူများသည် သံတွဲခရိုင် ပြည်သူ့ဆေးရုံခြံဝင်းအတွင်းရှိ ချုံနွယ်သစ်ပင်များ၊ မြက်များကို ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သာသနာ့ဗိမာန်၊ မြို့မဝေဠုဝန်ဘုန်းတော်ကြီးကျောင်းနှင့် ငပလီလမ်းရှိ အခြေခံပညာမူလတန်းကျောင်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆေးဖျန်းခြင်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ ရသေ့တောင်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်အောင်မျိုးထွန်းနှင့် တာဝန်ရှိသူများသည် မြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ မြက်နှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်း၊ အမှိုက်သရိုက်များကို အမှိုက်သိမ်းကားများဖြင့် လိုက်လံသိမ်းဆည်းခြင်း၊ သတ်မှတ်နေရာ၌ စွန့်ပစ်ခြင်း၊ မီးရှို့ခြင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့အတူ ချင်းပြည်နယ် မတူပီမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့်အတူ တပ်နယ်ခန်းမ၌ သဘာဝဘေးဒဏ်သင့် အိမ်ထောင်စုများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ မာန်အောင်မြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာဝန်ထမ်းများနှင့် အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လျှပ်စစ်မီးမရရှိသည့် ကျေးရွာကိုးရွာနှင့် ဆေးပေးခန်း၊ စာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်းများသို့ အိမ်သုံးဆိုလာများလှူဒါန်းပွဲကို တက်ရောက်ခဲ့သည်။

ထို့အတူ မောင်တောမြို့သို့ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဗိုလ်မှူးချုပ်တင်ဆွေနှင့် တာဝန်ရှိသူများသည် ကညင်တန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသန့်ရှင်း သာယာလှပစေရေးအတွက် ကျောင်းခြံဝင်းအတွင်းရှိ မြက်ပင်၊ ပေါင်းပင်များ၊ ချုံနွယ်များ၊ အမှိုက်သရိုက်များ၊ လဲကျနေသောသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီး အမှိုက်သိမ်းကားဖြင့် သိမ်းဆည်းစွန့်ပစ်ခြင်းများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# သန့်ရှင်းသာယာသော မြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်

**နေပြည်တော် ဇွန် ၁၇**

မိမိတို့၏ နေ့စဉ်လူမှုဘဝ နေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့ တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ





နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးမဆောင်ရွက်မီ (ဝဲပုံ)နှင့် ဆောင်ရွက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

မြို့နယ် ၂၈ မြို့နယ်တို့၌လည်းကောင်း၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိလူငယ်လူရွယ်များစုစည်း၍ "မြို့ရွာသန့်ရှင်းရောဂါကင်း စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၇ လမ်းနှင့် ၁၀၄-၁၀၅ လမ်းကြား အမှတ်(၂၄)အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျအမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ ဆက်လက်၍ မျက်စိဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေးလျက်ရှိ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မျက်စိဝေဒနာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဦးဆောင်ကြီးကြပ်မှုဖြင့် မျက်စိဝေဒနာရှင်များကို မျက်စိအထူးကုဆရာဝန်ပါရဂူကြီးများက ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး၌ အခမဲ့စမ်းသပ်ကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သီတဂူဆရာတော်ဘုရားကြီးထံ အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထိုကဲ့သို့ မျက်စိအခမဲ့စမ်းသပ်ကုသပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး မျက်စိဝေဒနာရှင် ၁၇၂၈ ဦးကို အခမဲ့ကုသပေးခဲ့ကာ ၎င်းတို့အနက် ခွဲစိတ်ကုသပေးရန်လိုအပ်သူ ၃၂၃ ဦးရှိကြောင်းနှင့် လာရောက် ဆေးကုသမှုခံယူသူများကို စားသောက်ဖွယ်ရာများကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

# ကျိုင်းတုံပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်သင်တန်း PPTT (၉/၂၃) သင်တန်းသား၊ သင်တန်းသူများကို ကြိုဆိုပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင် သင်တန်းသား၊ သင်တန်းသူများ ကြိုဆိုပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်သင်တန်း PPTT (၉/၂၃) သင်တန်းသား၊ သင်တန်းသူများအား ကြိုဆိုပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် အဆိုပါပညာရေးဒီဂရီကောလိပ်ရှိ ပညာ့ဗိမာန်ခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျိုင်းတုံပညာရေးဒီဂရီကောလိပ်အတွက် ထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သင်တန်းသူများ၏ ပအိုဝ်းနှင့် ဓနုရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

☆ ကျောဖုံးမှအဆက်

ယှဉ်ပြိုင်ကစားကြသည်။

ပထမပွဲစဉ်ဖြစ်သော တတိယနေရာလုပွဲတွင် ညွန့်ပေါင်းဘောလုံးအသင်း(OLD STAR)နှင့် FOREVER FC အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေကျခဲ့ပြီး ပင်နယ်တီငါးလုံးစီကန်သွင်းစဉ် ညွန့်ပေါင်းအသင်း (OLD STAR) က FOREVER FC အသင်းကို ခုနစ်ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဗိုလ်လုပွဲစဉ်အဖြစ် ရုပ်ရှင်အသင်း (MOVIE FC)နှင့် ဂီတအသင်း (MUSIC FC)တို့ ယှဉ်ပြိုင်ကစားကြရာ ဂီတအသင်း (MUSIC FC)က ရုပ်ရှင်အသင်း (MOVIE FC)ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုဆွတ်ခူးခဲ့သည်။

မိုခါသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲနှင့် တေးဂီတဖျော်ဖြေပွဲတွင် ဂီတအသင်းက ပထမဆု၊ ရုပ်ရှင်အသင်းက ဒုတိယဆုနှင့်ညွန့်ပေါင်းအသင်းက တတိယဆုတို့ကို ဆွတ်ခူးခဲ့ကြသည်။

ရန်ပုံငွေဘောလုံးပွဲစဉ်သည် လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များဖြင့် စည်ကားခဲ့ပြီး ဘောလုံးပွဲရပ်နားချိန်တွင် တေးဂီတဖျော်ဖြေမှုကို လူငယ်လူရွယ်များက အနုပညာရှင်တို့၏ဂီတသံစဉ်များနှင့်အတူ အားပါးတရ သံပြိုင်သီဆိုအားပေးခဲ့ကြသည်။

ယနေ့ပွဲစဉ်တွင် ရောင်းချရရှိသည့် ဘောလုံးပွဲဝင်ကြေးရန်ပုံငွေများကို မိုခါမုန်တိုင်းသဘာဝဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay ၊ OK $၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကို ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

**အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ဇွန် ၁၇ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၉၉၉၉ ဦး |
| သေဆုံးသူ | ၁၉၄၉၄ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၈၉၀၃ ဦး |

**နေပြည်တော် ဇွန် ၁၇**

ဇွန် ၁၆ ရက် ည ၈ နာရီမှ ယနေ့ ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၇၀၄၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မဟာအောင်မြေမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းသဖြူရပ်ကွက် မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၇၀ ပါးနှင့် ဒေသခံပြည်သူ ၁၂၇ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး သံဃာတော် ၁၃၆ ပါးနှင့် ဒေသခံပြည်သူ ၄၆ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် မွန်ပြည်နယ် သိမ်ဇရပ်မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ တစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့သို့ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။




**နေပြည်တော် ဇွန် ၁၇**

KKO(ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အနေဖြင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုတို့ ထိတ်လန့်မှုများဖြစ်စေရန် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၁၆ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကရင်ပြည်နယ် ကော့ကရိတ်မြို့ အမှတ်(၇)ရပ်ကွက်အတွင်းသို့ မြို့၏အရှေ့မြောက်ဘက် မီတာ ၂၅၀၀ ခန့်မှ လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။


ဖြစ်စဉ်တွင် အကြမ်းဖက်သမားများ ပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖိုးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် အမှတ်(၇)ရပ်ကွက် ဂန္ဓမာလမ်းတွင်နေထိုင်သည့် ဒေသခံပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံမှတစ်ဆင့် ဘားအံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့အတွင်းသို့ KNLA အဖွဲ့နှင့်PDF အမည်ခံ အကြမ်းဖက်သမားများက ဇွန် ၂၆ ရက် ည ၉ နာရီ ၄၅ မိနစ်ခန့်တွင် မြို့၏အရှေ့တောင်ဘက် မီတာ ၂၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ည ၁၀ နာရီခန့်တွင် အကြမ်းဖက်သမားများသည် အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပစ်ခတ်ခဲ့သည့် လက်နက်ကြီးဖိုးသီးများ ကျရောက်ပေါက်ကွဲမှုကြောင့် သိမ်ဇရပ်မြို့ ရွာလေးကွက်သစ်တွင်နေထိုင်သည့် ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး အသက် ၄နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဒဏ်ရာရရှိသူများကို သိမ်ဇရပ်တိုက်နယ်ဆေးရုံ၌ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သည့် KKO (ခွဲထွက်)အဖွဲ့၊ KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်သည် လူမဆန်သည့် ယုတ်မာရိုင်းစိုင်းသော အစွန်းရောက်အကြမ်းဖက်လုပ်ရပ်ဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့်နေရာများသို့ ရည်ရွယ်ချက်ရှိစွာဖြင့် အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့်တုံ့ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကော့ကရိတ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရွှေချောင်းရပ်ကွက်နေ ခင်သော်တာသည် ၎င်းအသုံးပြုသည့် "Khin Thawdar"Facebook အကောင့်နှင့် ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သမြေလှကျေးရွာနေ မျိုးဇော်ဝင်း (ခ)မျိုးဇော်သည် ၎င်းအသုံးပြုသည့် "Myo Zaw"Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် အတွက်တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မိုခါအလွန် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၄) ထက်မြတ်

**ယမန်နေ့မှအဆက်**

**ရခိုင်ပြည်နယ်အတွင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း ၁ လိုင်း၊ ၆၆ ကေဗွီ ပို့လွှတ်ရေးဓာတ်အားလိုင်း ၆ လိုင်း၊ တာဝါတိုင်နဲ့ ကွန်ကရစ်တိုင် စုစုပေါင်း ၂၆၃၆ တိုင်ရှိပါတယ်။**

**အဲဒီထဲကမှ တာဝါတိုင် ၅၂ တိုင်နဲ့ ကွန်ကရစ်တိုင် ၄၂၈ တိုင်တို့ဟာ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ရဲ့ ရိုက်ခတ်မှုအောက်မှာ ဝပ်ဆင်းသွားခဲ့ရတာပါ။**

ဒါပေမဲ့လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများနဲ့ ဝန်ထမ်းများရဲ့ စိတ်ဓာတ်ကို ရိုက်ချိုးဖို့ရာကိုတော့"မိုခါ" ကမတတ်နိုင်ခဲ့ပါဘူး။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ စစ်တွေမြို့နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိမြို့များ လျှပ်စစ်ဓာတ်အားအမြန်ပြန်လည်ရရှိရေးအတွက် မေလ ၁၈ ရက်ကစလို့ လူအင်အား၊ ယာဉ်/ယန္တရားအင်အားများကိုစုဖွဲ့ပြီး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ပါတယ်။



မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများကိုပေးပို့စဉ်။



တာဝန်ရှိသူများက လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေစဉ်။

**၂၃၀ ကေဗွီနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းများအတွက် ဝန်ထမ်း ၅၇၉ ဦး၊ ယာဉ်/ယန္တရား ၉၀ စီး၊ ပြင်ဆင်ရေးအဖွဲ့ ၁၆ ဖွဲ့ဖြင့်လုပ်ငန်းဆောင်ရွက်နေသလို ၁၁ ကေဗွီ/ ၄၀၀ ဗို့ဓာတ်အားလိုင်းများအတွက် ဝန်ထမ်း ၆၈၄ ဦး၊ ယာဉ်/ယန္တရား ၇၁ စီး၊ ပြင်ဆင်ရေးအဖွဲ့ ၁၄ ဖွဲ့၊ ပြင်ပကုမ္ပဏီ ၁ ဖွဲ့တို့ဖြင့် ပြည်သူများလျှပ်စစ်မီးများပြန်လည်ရရှိရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။**

**ဒီလိုကြိုးပမ်းဆောင်ရွက်မှုများကြောင့် မြို့တွင်းလျှပ်စစ်မီးဖြန့်ဖြူးရေးလိုင်းများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုက ဇွန်လ ၁၃ ရက်မှာ ၁၀၀ ရာခိုင်နှုန်းရှိပြီး ဇွန်လ ၇ ရက် ည ၈ နာရီ ၂၂ မိနစ်မှာ မြို့ပေါ် ၁၅ ရပ်ကွက်ရှိ လျှပ်စစ်မီးအသုံးပြုသူ ၁၃၀၁၀ ဦး အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။**

လျှပ်စစ်မီးမရခင်အတောအတွင်းမှာ ပြည်သူများလျှပ်စစ်မီးအထိုက်အလျောက်ရရှိစေရေးအတွက် ၅၀၀ ကေဗွီအေ မီးစက်ကြီးများဖြင့် လမ်းမီးများထွန်းခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။

**အထူးသဖြင့် လျှပ်စစ်မီးလုံးဝမရတဲ့ စစ်တွေမြို့အတွင်း လျှပ်စစ်မီးရရှိရေးအတွက် အမိကဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ စစ်တွေမြို့ မေယုလမ်း မီးစက်အပိုင်းမှဆတ်ရိုးကျတံတားအထိ အလျား ၃ မိုင်အရှည်ရှိသော လမ်းမကြီးတစ်လျှောက်ကို မေလ ၂၅ ရက်ကစပြီး ဇွန်လ ၇ ရက်အထိ ည ၇ နာရီမှ ၁၀ နာရီအတွင်း လမ်းမီးများကိုတစ်တိုင်ခြားထွန်းပေးခဲ့တာတွေ့ရပါတယ်။**

တာဝန်ရှိသူများအနေနဲ့ ပြည်သူများအတွက်စဉ်းစားတွေးတောပြီးဖြည့်ဆည်းပေးမှုက ဒီနေရာမှာတင်မရပ်သွားပါဘူး။ ဒီကနေ့ခေတ်မှာ လူတိုင်းလိုလို လက်ကိုင်ဖုန်းများ ကိုင်ဆောင်လာနိုင်ပြီဖြစ်တဲ့အတွက် မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ တစ်ဦးနဲ့တစ်ဦးအဆက်အသွယ်မပြတ်တောက်စေဖို့ အခမဲ့ဖုန်းအားသွင်းနိုင်တဲ့နေရာများကိုလည်း စီစဉ်ပေးခဲ့ပါသေးတယ်။

လျှပ်စစ်မီးလုံးဝမရတဲ့ စစ်တွေမြို့အတွင်းမှာပင် အခမဲ့ဖုန်းအားသွင်းနိုင်ရေးအတွက် နေရာ ၈ နေရာထားရှိပေးထားတာကြောင့် ပြည်သူများအနေနဲ့လက်ကိုင်ဖုန်းများသာမက အားသွင်းဓာတ်မီးများနဲ့ တခြားအားသွင်းဖို့လိုအပ်တဲ့ လျှပ်စစ်ပစ္စည်းများကို လာရောက်အားသွင်းကြတာကိုလည်း တွေ့ရပါတယ်။ ပျမ်းမျှအားဖြင့် ညစဉ် မီးအားသွင်းသူ ၁၂၀၀ ဝန်းကျင်ရှိပါတယ်။

လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ နောက်ထပ်တင်ပြချင်တာကတော့ စက်သုံးဆီ စုပုံမှုအခြေအနေပါ။

**ပရီမီယံဒီဇယ်ဆီ ဂါလန် ၂၀၀၀၀၀ ကို ဇမ္ဗူတန်ဆောင်သင်္ဘောဖြင့်လည်းကောင်း၊ ၉၂ အောက်တိန်းဓာတ်ဆီ ဂါလန် ၂၀၀၀၀၀ ကို ခိုင်ခိုင်ဖြိုး-၃၄ သင်္ဘောဖြင့်လည်းကောင်း၊ ဒီဇယ်ဆီ ဂါလန် ၂၅၀၀၀၀ ကို ခိုင်ခိုင်ဖြိုး-၃၃ သင်္ဘောဖြင့်လည်းကောင်း ရခိုင်ပြည်နယ်သို့ ပို့ဆောင်ထားပြီးတာတွေ့ရပါတယ်။**

ပရီမီယံဒီဇယ်ဆီများကိုတော့ စစ်တွေမြို့မှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှာ ထိန်းသိမ်းထားကာ ၉၂ အောက်တိန်းဓာတ်ဆီနဲ့ ဒီဇယ်ဆီတို့ကိုတော့ သင်္ဘောပေါ်မှာပဲ တင်ထားပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ဝိသမလောဘသားများ လုပ်လေ့လုပ်ထရှိတဲ့အကျင့်တစ်ခုရှိပါတယ်။ အရေးအကြောင်းကြုံလာပြီဆိုရင် အရေးကြီးလိုအပ်တဲ့ပစ္စည်းတွေကို ဈေးတင်ရောင်းချခြင်းပါပဲ။

ဒီနေရာမှာ စက်သုံးဆီဆိုတာ တကယ့်ကိုအခြေခံကျတဲ့လိုအပ်ချက်နဲ့ ပြတ်လပ်ပြီဆိုတာနဲ့ ဝိသမလောဘသားများရဲ့ မထင်ရင်မထင်သလို ဈေးတင်ရောင်းချခြင်းခံရတဲ့ အခြေခံကုန်ပစ္စည်းတစ်မျိုးပါ။

အခုတော့ နိုင်ငံတော်အစိုးရက အမြော်အမြင်ရှိရှိနဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ စက်သုံးဆီများကိုအလျှံပယ်စုပုံပေးလိုက်ခြင်းကြောင့် စက်သုံးဆီပြတ်လပ်လို့ ဈေးတင်ရောင်းချမှုမဖြစ်ပေါ်စေတဲ့အပြင် ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်နေရာချထားရေးလုပ်ငန်းများကို တင်းပြည့်ကျပ်ပြည့်ဆောင်ရွက်သွားနိုင်တော့မှာပဲဖြစ်ပါတယ်။

**ဆောက်လုပ်ရေးကဏ္ဍ**

ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အဓိကကျသောလုပ်ငန်းတစ်ခုဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍကို ဆက်လက်တင်ပြသွားပါမယ်။

**နိုင်ငံတော်အစိုးရ၏ တာဝန်ပေးချက်အရ ကြိုတင်ဝယ်ယူထားတဲ့ သွပ်အချပ်ရေ ၁၀၀၀၀၀၊ မူလထိန်းသိမ်းထားတဲ့ သွပ်အချပ်ရေ ၁၆၉၆၇၅ ချပ်၊ အလှူရှင်များလှူဒါန်းတဲ့ သွပ်အချပ်ရေ ၃၄၈၂၇ ချပ်အပါအဝင် စုစုပေါင်းသွပ်အချပ်ရေ ၃၀၄၅၀၂ ချပ်ကို စစ်တွေမြို့သို့ ပို့ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ထို့ပြင် အိမ်မိုးရိုက်သံ ၂၄ တန်၊ သွပ်ရိုက်သံ ၁၃ တန်နဲ့ သစ်လုံးတန် ၆၄ တန်၊ သစ်ခွဲသား ၁၈၃၈ တန်တို့ကိုလည်း တည်ဆောက်ရေးလုပ်ငန်းများအတွက် ပို့ဆောင်ခဲ့ပြီးပါပြီ။**



ကူညီကယ်ဆယ်ရေးအဖွဲ့များက သာသနိကအဆောက်အအုံများပျက်စီးမှုကို ရှင်းလင်းဖယ်ရှားပေးနေစဉ်။

ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်မှုအကြောင်းမပြောခင်အရင်ဆုံး သာသနိကအဆောက်အအုံများ ပျက်စီးမှုအခြေအနေများကို တင်ပြချင်ပါသေးတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"ကြောင့် ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိ သာသနိကအဆောက်အအုံအများအပြားပျက်စီးသွားပါတယ်။

**စာမျက်နှာ ၂၅ သို့**

စာမျက်နှာ ၂၄ မှအဆက်

**စာရင်းကိန်းဂဏန်းအရဆိုရင် ကျောင်းပေါင်း ၁၅၁၀၊ စေတီပေါင်း အဆူ ၂၃၀၊ သိမ်အလုံး ၆၄၀၊ ကျောင်းဆောင် ၁၇၈၇ ဆောင်၊ မှော်ရုံ ၈၃၈ လုံး၊ ဆွမ်းစားဆောင် ၄၅၈ လုံး၊ ကုဋီ ၁၀၂၆ လုံးရှိပါတယ်။**

**ဒီလိုပျက်စီးသွားတဲ့ သာသနိကအဆောက်အအုံများအတွက် ပထမအကြိမ်အဖြစ် ဘုန်းတော်ကြီးကျောင်း ၅ ကျောင်းသို့ သွပ်အချပ် ၁၀၀၀ နဲ့ ကျန် သာသနိကအဆောက်အအုံများအတွက် သွပ်အချပ် ၈၅၀၀၊ သွပ်ရိုက်သံ ၂၂၅ ပိဿာနဲ့ သစ် ၅၀ တန်တို့ကို ထောက်ပံ့ပေးထားပါတယ်။**

ဒါ့အပြင် ပျက်စီးသွားတဲ့သာသနိကအဆောက်အအုံများကို သက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများနဲ့ ဒေသခံပြည်သူများပူးပေါင်းကာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာယခုအခါ အတော်များများ ပြီးစီးသွားပြီဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ဗုဒ္ဓပြတိုက်နဲ့ယဉ်ကျေးမှုပြတိုက်တို့ကို အမိုးဗိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ လမ်းဦးစီးဌာနကလည်း တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းရှိ ပင်လယ်လှိုင်းကာပေ ၂၁၀ ပျက်စီးခြင်းကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ၉၀ ရာခိုင်နှုန်း ခန့်ပြီးစီးပါပြီ။**

ဒီလိုဆောက်လုပ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့အတွက် အရေးကြီးလိုအပ်ချက်တစ်ခုဖြစ်တဲ့ သစ်ခွဲသားများပို့ဆောင်မှုအခြေအနေကတော့ ဇွန်လ ၁၄ ရက်အထိ စစ်တွေမြို့ကို ကျွန်း/ပျဉ်းကတိုးပင်ကျပ်တိုင် ၂၀၃၇ လုံးအပါအဝင် သစ်ခွဲသားတန်ချိန် ၁၇၅၆ ဒသမ ၅ တန်ကို ပို့ဆောင်ထားပြီးပါပြီ။

ဆက်လက်ပြီးတော့လည်း ပို့ဆောင်သွားမယ့်သစ်ခွဲသားတွေ၊ ကျွန်း/ပျဉ်းကတိုးပင်ကျပ်တိုင်တွေကိုလည်း အသင့်စုဖွဲ့ထားကာ သင့်ရာနည်းဖြင့်ပို့ဆောင်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါသေးတယ်။

**ကယ်ဆယ်ရေးပစ္စည်းများပေးပို့မှုကဏ္ဍ**

မုန်တိုင်းဒဏ်သင့်ဒေသများသို့ကယ်ဆယ်ရေးပစ္စည်းများပေးပို့မှုမှာ တပ်မတော်ရဲ့အခန်းကဏ္ဍက အဓိကကျလာသလို သယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့စွမ်းစွမ်းတမံဆောင်ရွက်မှုကလည်း မရှိမဖြစ်အရေးကြီးပါတယ်။

ကယ်ဆယ်ရေးပစ္စည်းများပေးပို့မှုကိုတော့ မုန်တိုင်းတိုက်ခတ်ပြီးနောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၅ ရက်ကတည်းက စတင်လုပ်ဆောင်ခဲ့တာပါ။

အဲဒီအချိန်ကနေစပြီး ဇွန်လ ၁၃ ရက်အထိ တပ်မတော်လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းများပေးပို့မှုအခြေအနေကို ဦးစွာတင်ပြသွားပါမယ်။

**တပ်မတော်မှ Y-8 အမျိုးအစားလေယာဉ်ဟာ ပျံသန်းမှုအခေါက်ရေစုစုပေါင်း ၄၃ ခေါက်နဲ့ကုန်ပစ္စည်းတန်ချိန် ၁၉၆ ဒသမ ၀၄၈ တန်ကိုလည်းကောင်း၊ ATR အမျိုးအစားလေယာဉ်က အခေါက်ရေ ၈၆ ခေါက်ပျံသန်းပြီး ကုန်ပစ္စည်းတန်ချိန် ၂၉၈ ဒသမ ၂၀၇ တန်ကိုလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။**

**ရေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်ပေးနိုင်မှုအခြေအနေကတော့ တပ်မတော်ရေယာဉ် ၂၂ စင်းဖြင့် ကုန်ချိန် ၄၂၃၂ ဒသမ ၈ တန်ကိုလည်းကောင်း၊ ပုဂ္ဂလိကပိုင်ကုန်တင်ရေယာဉ် ၁၀ စင်းဖြင့် ကုန်ချိန် ၁၅၁၀၁ ဒသမ ၆၂၄ တန်ကိုလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့တာတွေ့ရပါတယ်။**

ရေယာဉ်များဖြင့်ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု
(၁၇-၅-၂၀၂၃ ရက် မှ ၁၃-၆-၂၀၂၃ ရက် အထိ)

| စဉ် | ရေယာဉ်အမျိုးအစား | စုစုပေါင်းစင်းရေ | စုစုပေါင်းတန်ချိန် |
|---|---|---|---|
| ၁ | တပ်မတော်ရေယာဉ် | ၂၂ | ၄၂၃၂.၈ |
| ၂ | ပုဂ္ဂလိကပိုင်ကုန်တင်ရေယာဉ် | ၁၀ | ၁၅၁၀၁.၆၂၄ |
| | စုစုပေါင်း | ၃၂ | ၁၉၃၃၄.၄၂၄ |

တပ်မတော်လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု
(၁၅-၅-၂၀၂၃ ရက်မှ ၁၃-၆-၂၀၂၃ ရက်အထိ)

| စဉ် | လေယာဉ်အမျိုးအစား | စုစုပေါင်းခေါက်ရေ | စုစုပေါင်းတန်ချိန် |
|---|---|---|---|
| ၁ | Y-8 | ၄၃ | ၁၉၆.၀၄၈ |
| ၂ | ATR | ၈၆ | ၂၉၈.၂၀၇ |
| | စုစုပေါင်း | ၁၂၉ | ၄၉၄.၂၅၅ |

ရေယာဉ်/လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့နိုင်မှုဦးစီးဇယား

အလားတူ ကုန်းကြောင်းမှလည်း တပ်ပိုင်ယာဉ်များ၊ အရပ်ဘက်ပိုင်ယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းတန်ချိန်များစွာကို ပို့ဆောင်ပေးခဲ့ပါသေးတယ်။

အဲဒီလိုပို့ဆောင်ပေးတဲ့ ပစ္စည်းတွေထဲမှာ ဆန်နဲ့စားသောက်ဖွယ်ရာများပါဝင်တဲ့ စားရေရိက္ခာများ၊ ကျန်းမာရေးပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများ အဓိကပါဝင်တာကိုတွေ့ရပါတယ်။

**နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု**

**မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် အရေးပေါ်တုံ့ပြန်မှုနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (ERAT)ရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ မြန်မာနိုင်ငံအတွင်းသို့ လာရောက်သတင်းရယူမယ့် ခရီးစဉ်ကို ခွင့်ပြုပေးတဲ့အပြင် မုန်တိုင်းသင့်ဒေသများမှာ ကိုယ်တိုင်ကိုယ်ကျလေ့လာခွင့်ရရှိစေရေးအတွက် တပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်၍ ဒေသခံများ၊ ဒေသအခြေအနေများအပေါ် မျက်မြင်လေ့လာခွင့်တို့ကို အစိုးရဘက်ကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။**

ဒါ့အပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများနဲ့ပတ်သက်ပြီး သတင်းများကို အချိန်မီထုတ်ပြန်နိုင်စေဖို့ကိုလည်း ကူညီပေးခဲ့ပါတယ်။

အလားတူ ကုလသမဂ္ဂရဲ့လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး(UN OHCHR) ရဲ့လုပ်ငန်းများအတွက် အစိုးရထံတင်ပြလာမှုများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများကခွင့်ပြုပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီအနေနဲ့ လုပ်ဆောင်မှုများကတော့ ပြည်ပနိုင်ငံများမှအစိုးရများ၊ အဖွဲ့အစည်းများ၊ AHA Centre၊ ပြည်ပရောက်မြန်မာနိုင်ငံသားများနဲ့ စေတနာရှင်များရဲ့ထောက်ပံ့ရေးပစ္စည်းများလှူဒါန်းမှု၊ အလှူငွေများလှူဒါန်းမှုတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

**ထို့အတူ AHA Centre နဲ့ ထိုင်းနိုင်ငံတို့မှ မုန်တိုင်းသင့်ဒေသများသို့လှူဒါန်းတဲ့ ကယ်ဆယ်ရေးပစ္စည်းများသယ်ဆောင်လာသော စုစုပေါင်းလေယာဉ် ၇ ခေါက်ကို မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်ပျံသန်းခွင့်နဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်ရပ်နားခွင့်များတောင်းခံလာမှုအပေါ် ခွင့်ပြုချက်များ အချိန်မီထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။ AHA Centre အနေနဲ့ မူလက ထောက်ပံ့ပစ္စည်းတွေကို လေယာဉ် ၁၉ ခေါက်ပို့ပေးဖို့ ညှိနှိုင်းခဲ့ပေမယ့် လေယာဉ်နဲ့ ၇ ခေါက်ပဲ ပို့ဆောင်ခဲ့ပြီး ကျန်တဲ့ပစ္စည်းတွေကိုတော့ မလေးရှားနိုင်ငံမှ ရေကြောင်းနဲ့ ဆက်လက်ပို့ဆောင်ရေး ညှိနှိုင်းထားတာလည်းရှိပါတယ်။**

နိုင်ငံတကာကူညီမှုတွေအနေနဲ့ကတော့ အိန္ဒိယနိုင်ငံက မေ ၁၈ ရက်၊ ၁၉ ရက်တို့မှာ ထောက်ပံ့ရေးပစ္စည်းနဲ့ စားသောက်ဖွယ်ရာ တန်ချိန် ၂၅ တန်ကို စစ်ရေယာဉ်များဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံအနေနဲ့ ယူနန်ချစ်ကြည်ရေးအသင်းက မေ ၂၀ ရက်နေ့မှာ ကျပ်သိန်း ၃၀၀ နဲ့ညီမျှတဲ့ ကူညီထောက်ပံ့ရေးပစ္စည်းများနဲ့ စားသောက်ဖွယ်ရာတွေကို ရွှေလီနယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မေ ၂၂ ရက်မှာ ကျပ် ၂၇၂ ဒသမ ၂၃ သိန်းနဲ့ ညီမျှတဲ့ ကူညီထောက်ပံ့ရေးပစ္စည်းမျိုးစုံကိုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ The Fund RC- Investments ကလည်း မေ ၂၂ ရက်မှာ မြန်မာနိုင်ငံသံရုံး (မော်စကို)သို့ ရူဘယ် ၁ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံအနေဖြင့် မေ ၂၃ ရက်မှာ အစားအစာနှင့် လူသုံးကုန်ပစ္စည်းများ တန် ၂၀ ခန့်ကို လေယာဉ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးက မေ ၂၉ ရက်မှာ ဆန် ၁၄ တန်နဲ့ စားသောက်ဖွယ်ရာမျိုးစုံကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရက ဇွန် ၆ ရက်မှာ ကူညီကယ်ဆယ်ရေးပစ္စည်းနဲ့စားသောက်ဖွယ်ရာတန်ချိန် ၁၂၀ ခန့်ကိုလည်းကောင်း၊ တရုတ်နိုင်ငံအစိုးရက ဇွန် ၁၂ ရက်မှာ ထောက်ပံ့ရေးပစ္စည်း ပထမအကြိမ်ကိုလည်းကောင်း ပေးပို့ကူညီခြင်းဖြင့် လူသားချင်းစာနာမှု အကူအညီများပေးခဲ့ကြပါတယ်။

**သာဓုအကြိမ်ကြိမ်ခေါ်ရမယ့် ပြည်သူလူထုရဲ့အလှူ**

ကျွန်တော်တို့ မြန်မာနိုင်ငံသားများဟာ သဒ္ဓါတရားကြီးမားကြသူများဖြစ်တဲ့အလျောက် ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" တိုက်ခတ်သွားချိန်မှာ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေများကို သဒ္ဓါတရားထက်သန်စွာ ရက်ရက်ရောရော လှူဒါန်းခဲ့ကြတာကို ဝမ်းမြောက်ဖွယ်ရာတွေ့ရပါတယ်။

အခုလို လှူဒါန်းမှုများကလည်း ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ အမေ့ခိုင်းစေမှုမျှမပါဝင်ဘဲ ကိုယ်တိုင်ကိုယ့်စိတ်သဘောကျ လှူဒါန်းကြသူများဖြစ်နေတာကလည်း မြန်မာပြည်သူတို့ရဲ့ သဒ္ဓါတရားမနည်းတဲ့စိတ်ဓာတ်ကို အထင်းသားပေါ်လွင်စေပါတယ်။

**မုန်တိုင်းတိုက်ခတ်ပြီးနောက် မေလ ၁၅ ရက်မှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကိုယ်တိုင်ကိုယ်ကျ လက်ရောက်လှူဒါန်းမှုက ငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀ သိန်း (၁၃ ဒသမ ၁၈၁ ဘီလီယံကျပ်)ဖြစ်ပါတယ်။**

ဒါဟာ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကနဦးလှူဒါန်းမှုဖြစ်ပါတယ်။ အဲဒီထဲကမှ ကျပ်သိန်းပေါင်း ၇၀၀၀၀ (၇ ဘီလီယံကျပ်)ကို ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပေးအပ်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ဘဏ္ဍာငွေရှာဖွေရေးနှင့်ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီက ပြည်တွင်းမှအလှူရှင်များသာမက ပြည်ပမှအလှူရှင်များပါ မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေများ လှူဒါန်းမှုပြုနိုင်စေရန် မြန်မာငွေစာရင်းအမှတ်နဲ့ နိုင်ငံခြားငွေစာရင်းအမှတ်များကို မေလ ၁၅ ရက်မှာ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

ဒါ့အပြင် အလှူရှင်များအနေနဲ့ အခြားသောနည်းလမ်းအမျိုးမျိုးနဲ့ လှူဒါန်းမှုများပြုလုပ်နိုင်စေရန် အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်၊ မိုဘိုင်းငွေပေးချေမှုစနစ်တို့အတွက် မေလ ၁၇ ရက်မှာ အကောင့်များဖွင့်လှစ်ပြီး ပြည်သူများသို့ အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

**ဒီလိုမျိုးတွေဆောင်ရွက်နိုင်မှုကြောင့် မေလ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ DMC ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ တိုင်းစစ်ဌာနချုပ်များ၊ ဘဏ်တိုက်ရိုက်အလှူရှင်များထံမှ ပေးပို့လာတဲ့စာရင်းများအရ မြန်မာငွေကျပ် ၂၆၃၆၉၃၈၅၀၇ (၂၆ ဒသမ ၉၃၆ ဘီလီယံကျပ်)၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅၁၆၁၇၇ ဒသမ ၉၆ ဒေါ်လာအထိ အလှူငွေလက်ခံရရှိခဲ့တာကို တွေ့ရပါတယ်။**

**အလားတူကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်မှပေးပို့တဲ့ ဘဏ်စာရင်းများအရ ငွေဘဏ်၌ အလှူငွေဝင်ရောက်မှုစုစုပေါင်းမှာ မြန်မာငွေကျပ် ၃၀၀၂၁၃၀၈-၉၉၀. ၁၀ (၃၀ ဒသမ ၀၂၁ ဘီလီယံကျပ်) ဖြစ်ပါတယ်။ KBZ Pay၊ Wave Money၊ AYA Pay၊ OK $၊ CB Pay၊ UAB Pay Account များမှ အလှူငွေအဖြစ် မြန်မာငွေ ၁၈၁၄၂၂၄၀. ၃၀ ကျပ်ကို ရရှိထားပါတယ်။**

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသည့် အလှူငွေများ၊ ထောက်ပံ့ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများမှ ပြည်သူတစ်ဦးတစ်ယောက်မျှမကျန်ရှိစေရေး ပြန်လည်ပေးအပ်ပြီး ကူညီဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

**ဖော်ပြခဲ့တဲ့အလှူငွေများက ငွေသားသက်သက်သာဖြစ်ပြီး ပစ္စည်းလှူဒါန်းမှုတန်ဖိုးမပါသေးပါဘူး။ ဒါ့အပြင် အစိုးရထံမှ ခွင့်ပြုချက်ရယူပြီးလုပ်ဆောင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများရဲ့ ရက်ပေါင်းများစွာကြာ စတုဒိသာကျွေးမွေးမှုများလည်းမပါသေးပါဘူး။ ဒါတွေကိုသာ ထည့်တွက်လိုက်မယ်ဆိုရင် ကျွန်တော်တို့မြန်မာပြည်သူများရဲ့ သဒ္ဓါတရားက သာဓုအကြိမ်ကြိမ် ခေါ်ဆိုထိုက်လောက်ပါပေတယ်။**

ဒါကြောင့် အဆုံးသတ်အနေနဲ့ နိဂုံးချုပ်ရရင် DMC ရဲ့ဦးဆောင်မှုအောက်မှာ ဆောင်ရွက်ခဲ့တဲ့ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်မှု ရှိ၊ မရှိဆိုတာ မုန်တိုင်းဒဏ်သင့်ဒေသအားလုံးကို ယခင်ခန့်မှန်းထားတာထက် ပိုစောပြီး အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့်တွေ့နိုင်ပါတယ်။

အလားတူ ပညာရေးမှာ ကျောင်းသား၊ ကျောင်းသူများအတွက် စာသင်ကျောင်းများကို ရာနှုန်းပြည့်ဖွင့်လှစ်ပေးနိုင်ခဲ့မှု၊ ကျောင်းသား၊ ကျောင်းသူဦးရေ ၄ သိန်းကျော်စာသင်ယူနိုင်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ဆက်သွယ်ရေးကွန်ရက်များ အမြန်ဆုံးချိတ်ဆက်နိုင်မှုအခြေအနေ၊ လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်မှုအခြေအနေအစရှိတဲ့အခြေအနေအရပ်ရပ်တို့ကို ကြည့်ခြင်းအားဖြင့်လည်း တွေ့မြင်နိုင်ပါတယ်။

ဒါ့အပြင် "တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်"ဆိုတဲ့အတိုင်း ကိုယ့်ပြည်သူတွေ အမှန်တကယ်ဒုက္ခရောက်နေချိန်မှာ အဆင်ပြေတဲ့ပြည်သူများက တစ်ယောက်တစ်လက်ညီညာအားဖြင့် ပေါင်းစုစည်းရုံးကာ လှူဒါန်းပေးမှုများ၊ ကာယအားနဲ့ ကူညီပေးမှုများ၊ အနုပညာအားနဲ့ကူညီပေးမှုများဟာ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တမ်းဝင်နေဦးမှာဖြစ်ကြောင်း ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများမှာ ပါဝင်သူများအားလုံးကို "မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့" ဆိုတဲ့ဆောင်းပါးနဲ့ ဂုဏ်ယူလေးစားကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။ ။

0w Kv d @

# စေတနာ

ခင်ဇော်(သီတာကုန်းဖြင်)



(၁)

"မဖြစ်ဘူး ကိုခင်မောင်။ ကျွန်တော်တို့မှာက ဝန်ထမ်းအများကြီးကိုအုပ်ချုပ်နေရတာ။ စက်ရုံရဲ့ ဝန်ထမ်းအိမ်ရာဆိုတာ ကိုယ့်အပိုင်မဟုတ်ဘူး။ အချိန်မရွေးဖယ်ရှားခိုင်းရင် ဖယ်ပေးရမယ်လို့ အိမ်နေရာစတင်ချထားကတည်းက အားလုံးသိအောင် ကြေညာပြီးသား"

ကျွန်တော်သည် အုပ်ချုပ်ရေးအရာရှိ၏စကားကို ဆုံးအောင်နားထောင်ပြီးမှ-

"နောက်တစ်လလောက်ထပ်နေခွင့်ပြုပါအုံး ဆရာရယ်။ ကျွန်တော့်မှာက လတ်တလောအိမ်ပြောင်းရင် အဆင်မပြေလို့ပါ"

"တော်ပြီ ကိုခင်မောင်၊ ခင်ဗျားကို လွန်ခဲ့တဲ့သုံးလကတည်းက အိမ်ပြောင်းပါတော့။ မကြာခင် စက်ရုံကို ဝန်ထမ်းအသစ်တစ်ယောက် ရောက်လာတော့မယ် ပြောတော့ နောက်တစ်လလောက်စောင့်ပါအုံးဆိုလို့ ကျွန်တော့်ဘက်ကစောင့်ခဲ့တာ အခုဆို သုံးလရှိပြီ။ ကျွန်တော့်ဘက်က တာဝန်ကျေတယ်။ မနက်ဖြန် ဝန်ထမ်းအသစ်ရောက်လာတော့မယ်။ အဲဒီတော့ ခင်ဗျား ကိုသာအောင်တို့နဲ့တွဲလျက် အရာရှိနေတဲ့ အခန်းကိုပြောင်းတော့ဗျာ။ အခုရောက်လာတဲ့ ဝန်ထမ်းအသစ်ကလဲ ခင်ဗျားထက်ရာထူးနိမ့်တဲ့အတွက် ခင်ဗျားအိမ်တစ်လုံးပဲပေးစရာရှိတယ်။ ပြီးတော့ ခင်ဗျားက ကိုယ့်အဆင့်နဲ့ထိုက်တန်တဲ့ အရာရှိနေအိမ်ကိုပြောင်းခိုင်းတာပဲဗျာ။ ခင်ဗျားဘက်က ဘာတွေတွေဝေနေတာလဲ။ မနက်ဖြန် ခင်ဗျားတို့ပြောင်းရွှေ့ဖို့အတွက် စက်ရုံကကားကိုလွှတ်လိုက်မယ်"

"ဟုတ် ဟုတ်ကဲ့ဆရာ"

ကျွန်တော်သည် မကျေနပ်စိတ်ကို မျိုသိပ်လျက် ရုံးခန်းထဲမှ ထွက်လာခဲ့ရတော့သည်။

(၂)

တွေးမိတိုင်း ခံပြင်းစိတ်ကြောင့် ဒေါသဖြစ်မိသည်။ မတွေး၍လည်းမဖြစ်။ မနက်ဖြန်ဆို ရှစ်နှစ်လောက်အနေကြာသံယောဇဉ်တွယ်ခဲ့ပြီဖြစ်သော ဤအိမ်လေးမှ ပြောင်းရွှေ့ပေးရတော့မည်။ သည်အိမ်လေးကို ကျွန်တော်စရောက်ခါစက အသစ်စက်စက်လေး ရေနံချေးအစွဲသားနှင့်။ သစ်သားနံ့လေးကလည်း သင်းပျံ့နေတုန်း။ သို့သော် ဤအိမ်ကို ကျွန်တော် အပါအဝင် ဝန်ထမ်းအများစုက မည်သူမျှမလိုချင်ခဲ့ကြပါ။ မဲပေါက်၍သာမဖြင်းသာသဖြင့် ကျွန်တော်ယူခဲ့ရခြင်းဖြစ်သည်။ လိုချင်စရာအကြောင်းလည်းမရှိခဲ့ပါ။ အိမ်နေရာသည် လိုင်း၏အစွန်အဖျားကျသည့်အတွက် ညဂျူတီရှိ၍ စက်ရုံဆင်းရသည့်အခါ ဇနီးသည်ကို စိတ်မချစွာထားရစ်ခဲ့ရမည့်အဖြစ်ကို တွေးမိသည်ကတစ်ကြောင်း၊ မြေနိမ့်ပိုင်းဖြစ်သည့်အတွက် အခြားအိမ်များမှ ချိုးရေ၊ သုံးရေများ ဒလဟောစီးဝင်သည့်အတွက် ခြံဝင်းတစ်ခုလုံး ဗွက်ပေါက်မတတ်အိုင်ထွန်း၍နေပြန်သည်ကတစ်ကြောင်းနှင့် ဈေးနှင့်ဝေးလွန်း၍ ဝယ်ရေးခြမ်းရေးခက်ခဲကာ လမ်းတစ်ဖက်တွင် စာသင်ကျောင်းရှိသည့်အတွက် ကလေးများ၏ စာအံသွတ်ဖတ်သံများကြောင့် စက်ရုံတွင် ညဂျူတီကျ၍ နေ့ခင်းပိုင်းအိပ်စက်ချင်သည့် ကျွန်တော့်မှာ များစွာအနှောင့်အယှက်ဖြစ်ရပြန်သည်ကတစ်ကြောင်းတို့ကြောင့် နေထိုင်ရန် စိတ်မဝင်စားခဲ့ပါ။ သို့သော်လည်း မတတ်နိုင်ပါ။ ဖြစ်သမျှကို အကောင်းဆုံးဖြစ်အောင် ဖန်တီးရန်သာ ရှိပါတော့သည်။ ရှေးဦးစွာ နေအိမ်ခြံဝင်းကို ရနိုင်သမျှ ခပ်ကျယ်ကျယ်လုံခြုံအောင် ဝါးထရံဖြင့်ကာရံခဲ့သည်။ နီးစပ်ရာမိတ်ဆွေများထံမှ ငှက်ပျောပင်သားတက်များ၊ မာလကာပင်များ၊ သံပရာပင်များတောင်း၍ နေရာအနှံ့လျှောက်စိုက်လိုက်သည်။ ရေအိုင်များမှ ရေဆိုးရေညစ်များကို ပေါက်တူးဖြင့် မြောင်းသွယ်ကာ အပင်များခြေရင်းကိုရောက်စေ၏။ သို့အတွက်ကြောင့် အပင်များ တကူးတကရေလောင်းရန်မလိုအပ်တော့။ ရေဝပ်ပြီး မြေမဖို့နိုင်သောနေရာများတွင် ကန်ငယ်လေးများဖန်တီး၍ ကန်စွန်းပင်လေးများစိုက်၏။ ကန်သင်းပေါင်ပေါ်တွင် မြင်းခွာရွက်၊ ပင်စိမ်း၊ ပူဒီနာပင်လေးများ စိုက်လိုက်သည်။ ခြံစည်းရိုးပတ်လည်တွင် ကင်ပွန်းချဉ်၊ ဆူးပုပ်၊ ဒန့်သလွန်၊ သရက်ပင်များကပ်စိုက်သည်။ ခြံတစ်နေရာတွင် လေးတိုင်စင်ထိုး၍ ဘူးပင်၊ ပဲတောင့်ရှည်၊ ဗောင်းလျား၊ ပဲလင်းမြွေပင်များ နွယ်တက်စေ၏။ အပင်ကြီးများအောက်တွင် ငရုတ်၊ ရုံးပတီ၊ ခရမ်းပင်များချထားပေးလိုက်သည်။ အိမ်ရှေ့ခြံဝင်းထဲ၌ နှင်းဆီ၊ ရွက်လှပန်းပင်များ ကိုင်းထိုးစိုက်ပြန်၏။ ထိုသို့ ကျွန်တော်စီမံပြီး တစ်ရက်မှ နှစ်ရက်၊ တစ်လမှ နှစ်လ၊ တစ်နှစ်မှ နှစ်နှစ်ကြာသောအခါ ခြံထဲမှထွက်သော ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံများသည် အိမ်စားဖို့ ဖူလုံရုံမျှမကပဲ အိမ်ရှေ့တွင်ခုံလေးရိုက်၍ ကလေးမုန့်ပဲသရေစာများ၊ ဟင်းသီးဟင်းရွက်များကိုပါ ဆိုင်လေးဖွင့်ကာ ရောင်းချနိုင်ခဲ့သည်။ ဈေးနှင့်ဝေး၊ စာသင်ကျောင်းနှင့်နီးသဖြင့် ကျွန်တော့်ဆိုင်လေးမှာ အနီးပတ်ဝန်းကျင်မှ ဈေးဝယ်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် နေ့တိုင်းစည်ကားနေခဲ့ပြီး ကျွန်တော့်လခအပြင် သမ္မာအာဇီဝဖြင့် ဆိုင်မှအပိုဝင်ငွေလေးပါရလာသည်။ ဤမျှလောက်ဆိုရင် ဤခြံ၊ ဤအိမ်လေးကို ကျွန်တော်လက်မလွှတ်နိုင်သည့် အကြောင်းရင်းကို ခန့်မှန်းမိလောက်ပါမည်။

(၃)

ခြံအဝင်ဝတွင် မျှော်လင့်တကြီးဖြင့် ကျွန်တော်ပြန်အလာကိုစောင့်မျှော်နေသောဇနီးဖြစ်သူကို စိတ်ပျက်လက်ပျက်ခေါင်းခါပြကာ ခြံထဲမှထိုင်ခုံတစ်ခုတွင်ထိုင်နေလိုက်၏။ ညင်သာစွာတိုက်ခိုက်လာသော လေပြည်လေညင်းလေးများသည် ပင်ပင်ပန်းပန်းပြန်လာသောကျွန်တော့်ကို ယခင်နေ့များကဲ့သို့ မအေးမြစေနိုင်တော့။ အပူလှိုင်းကိုသယ်ဆောင်လာသော မီးပူဟပ်သကဲ့သို့ခံစားရသည်။ ဘယ်ညာယိမ်းနွဲ့နေသော ငှက်ပျောရွက်လေးများသည် ကျွန်တော့်ကို လှောင်ပြောင်ကျီစယ်ဘိသကဲ့သို့ခံစားရ၏။ ထိုအချိန် အိမ်ရှေ့တွင် အမျိုးသမီးတစ်ယောက်လာရပ်သည်။

"ကန်စွန်းရွက် နှစ်ရာဖိုးလောက်"

"ဟုတ်ကဲ့ ရပါမယ်။ ခဏစောင့်"

ကျွန်တော် ကန်စွန်းရွက်ကလေးများခူးပြီး အမျိုးသမီးကိုပေးလိုက်၏။

"ဟယ် နှစ်ရာဖိုးက နည်းလိုက်တာ"

"မနည်းပါဘူးဗျာ။ အရင်အတိုင်းပါပဲ"

"ကိုရင်မောင်တို့က မနက်ဖြန် ဒီအိမ်ကပြောင်းတော့မှာဆို ဒါကြောင့် ဒီဟင်းရွက်တွေကို ဒီအတိုင်းထားခဲ့ရမယ့်အတူတူ ပိုပေးမလားလို့လာဝယ်တာပါ"

ကျွန်တော့်အနာပေါ် တုတ်ကျသလို ခံပြင်းဒေါသထွက်မိသည်။

"သွားဗျာ ကျွန်တော်ဘယ်ပြောင်းပြောင်း ခင်ဗျားတို့အပူမပါဘူး။ ဘယ်သူမှအပိုမပေးနိုင်ဘူး သွား သွား" ရင်ထဲက ပွင့်ထွက်လာသည့်ဒေါသကြောင့် ထိုအမျိုးသမီးကို အော်ဟစ်မောင်းထုတ်လိုက်၏။ အမျိုးသမီးမှာ ကျွန်တော့်အဖြစ်ကိုလန့်ပြီး ငွေနှစ်ရာတန်တစ်ရွက်ကိုအမြန်ပေးပြီး ပြေးထွက်သွားလေသည်။ ထိုအချိန် လူရိပ်နှစ်ခု ခြံစပ်မှာ လှစ်ခနဲ တွေ့လိုက်ရ၍ -

"ဟေ့ ဘယ်သူတွေလဲ ငါ့ခြံထဲက ဘာတွေယူပြေးတာလဲကွ ဟေ့"

ခြံစည်းရိုးဘေးတွင်ကြွေကျနေသော မာလကာသီးနှစ်လုံးကို ခြံတစ်ဖက်မှလှမ်းနှိုက်ပြီး ပြေးထွက်သွားသော ကျောင်းသားကလေးနှစ်ယောက်ဖြစ်နေသည်။ ကျွန်တော်သည် နီးရာမြေကျစ်စာခဲများကို ကောက်၍ ကလေးနှစ်ယောက်ကို နောက်မှတရစပ်ပစ်ပေါက်နေမိသည်။ ကျွန်တော်ပစ်သောခဲတစ်လုံးသည် ကလေးတစ်ယောက်၏ခါးကိုထိမှန်သွားပြီး အားဆိုသည့်အော်သံနှင့်အတူ မာလကာသီးကိုပစ်ချကာ ကျောင်းထဲသို့ပြေးဝင်သွားကြောင်း တွေ့လိုက်ရ၏။ ထိုမြင်ကွင်းကို အစအဆုံးမြင်လိုက်ရသော မိတ်ဆွေတစ်ယောက်က အိမ်ထဲဝင်လာပြီး-

"ဘာတွေဖြစ်နေတာလဲ ကိုခင်မောင်ရယ်။ ချွေးသံတရွှဲရွှဲနဲ့"

"ချွေးသူခိုးတွေလေ ကျွန်တော့်ခြံထဲက မာလကာသီးကိုခိုးပြီး ထွက်ပြေးကြတာ"

"မသိနားမလည်တဲ့ ကလေးတွေပါဗျာ။ အခုလို လက်လွှတ်စပယ်လုပ်လိုက်တော့ ကလေးတွေတစ်ခုခု ဖြစ်သွားရင်"

မိတ်ဆွေက ကျွန်တော့်ကို အပြစ်တင်ဝေဖန်လာသဖြင့် သူနှင့်စကားဆက်မပြောချင်တော့၍ နှုတ်ဆိတ်နေလိုက်သည်။ အလိုက်မသိသောမိတ်ဆွေက ဆက်လက်၍ -

"ဒါနဲ့ ခင်ဗျား ဟိုဘက်လိုင်းခန်းကို ပြောင်းရတော့မယ်ဆို"

"အင်း"

ကျွန်တော်လေးလံစွာဖြေလိုက်မိသည်။

"ကောင်းတယ်ဗျာ"

ကျွန်တော်ဒေါသအကြီးအကျယ်ထွက်မိပြန်သည်။

"ဘာလဲ ခင်ဗျားတို့က ကျွန်တော့်ကို ဒီအိမ်မှာ နေပြီးစီးပွားဖြစ်နေတာ မနာလိုလို့လား"

မိတ်ဆွေသည် အားနာခြင်း၊ စိတ်မကောင်းခြင်း အမူအရာဖြင့်-

"ဟာဗျာ တောင်းပန်ပါတယ်။ ကျွန်တော် အဲဒီသဘောနဲ့ပြောတာမဟုတ်ပါဘူး။ ခင်ဗျားရာထူးတိုးတော့ အရာရှိအိမ်ကိုပြောင်းရတာ ဝမ်းသာတဲ့သဘောနဲ့ပြောမိတာပါ။ ခင်ဗျားထင်သလို မဟုတ် မဟုတ်"

"တော်ဗျာ သွား သွား ဘာသံမှမကြားချင်ဘူး။ အလကား ကိုယ့်ထက်သာမနာလိုတဲ့လူတွေ"

ထိုမိတ်ဆွေသည် မယဉ်မကျေးပြောလိုက်သည့် ကျွန်တော့်စကားကြောင့် တစ်ခွန်းတစ်ပါဒမျှပြန်မပြောတော့ပဲ ချာခနဲလှည့်ထွက်သွား၏။

(၄)

ညကတစ်ညလုံးအိပ်မရခဲ့။ အပင်များ၊ သီးပင်စားပင်များသာ မျက်စိထဲစွဲနေခဲ့သည်။ နံနက်စောစော ခြံထဲဆင်းနေကျအတိုင်း ဆင်းလာခဲ့မိသည်။ ယခင်က အသီးအနှံပင်များ စိမ်းလန်းနေသည်ကိုမြင်လျှင် ကျွန်တော်စိတ်ကြည်နူးပျော်ရွှင်ရသည်။ ယခု ထိုသို့မဟုတ်တော့ ရင်ထဲတွင် နေဆယ်စင်းထွက်သကဲ့သို့ ပူလောင်လွန်းလှ၏။ ငှက်ပျောခိုင်များသည် အပင်လဲပြိုတော့မတတ်ဖြိုးမောက်လျက်ရှိသည်မှာ တစ်ခိုင်လည်းမဟုတ်၊ နှစ်ခိုင်လည်းမဟုတ်။ ထို့အတူ မာလကာ၊ သံပရာ၊ ဒန့်သလွန်၊ သဘော်ပင်များလည်း ထို့အတူပင်ဖြစ်၏။ သည်ဝန်းသည်ခြံကို ကိုယ်နှင့်သွေးသားမတော်သော လူစိမ်းတစ်ယောက်ကို လွှဲပေးလိုက်ရမည်ကိုတွေးမိတိုင်း ကျွန်တော်အသည်းနာလှသည်။

စာမျက်နှာ ၂၅သို့ ➤

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၂၀၄ ဧက စိုက်ပျိုးပြီးစီး



**ခန္တီး ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၂၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၈၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးစပါး ၂၂၀၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ခန္တီးမြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါးဧက ၈၀၀၀ ကျော်စိုက်ဖို့လျာထားတယ်။ ဒီနေ့ထိတော့ မိုးစပါးဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်စိုက်ပျိုးနေပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးစပါးတွေ ဆောင်ရွက်ပေးခဲ့တယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးလာတဲ့အနေအထားမှာရှိပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၈၂၃၅ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှစတင်၍ စက်တင်ဘာလထိစိုက်ပျိုးခဲ့ရာ မိုးစပါးဧက ၈၂၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ်က မိုးသီးနှံစိုက်ပျိုးရာသီ၌ ခန္တီးမြို့နယ်တွင် မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ အထက်ထွက်ရှိရေး စံပြကွက် ဧက ၂၀ နှင့် ဆင်းဧကရီ-၃ မိုးစပါး မျိုးစေ့ထုတ်ကွက် ၁၀ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ခန္တီးမြို့နယ်၌ မိုးစပါးစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များမှန်ကန်ရန်၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်စေရန် လိုအပ်သောနည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

## စာအုပ်စာပေ လူ့မိတ်ဆွေ

\- စူးစမ်းပြီး လေ့လာပါ
သေချာစွာ ဖတ်ရှုသင့်၊
ဉာဏ်ရည်တွေ ပိုတိုးလို့
တန်ဖိုးတွေမြင့်။

\- ဘဝမှာ အသွင်တင့်
ဂုဏ်ဆင့်ဖို့ မခက်ပေ
စာဖတ်ကြစေ၊
ဗဟုသုတ အထွေထွေ
ရရှိနေ မကုန်ခန်း၊
စာပေသည် အလင်းပြ
အေးမြသည့်စမ်း။

\- လောကဓံ ခရီးကြမ်း
လျှောက်လှမ်းရ အချိန်တွင်၊
စာပေသည် ဘဝအတွက်
လင်းလက်ကြယ်စင်၊
အကောင်းအဆိုး ပိုင်းခြားမြင်
စိတ်ကိုပင် ပြုပြင်ပေး၊
ယုံကြည်ရာ အနာဂတ်လှဖို့
စာဖတ်စို့လေး။ ။

**မောင်လူစိုး**

# မင်းလှမြို့နယ် ဆင်တဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆင်တဲကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက စီမံကိန်းအသင်းဝင်များလိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ဆင်တဲကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကျပ်သန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**



# ချောက်မြို့နယ် စလင်းတောင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချောက် ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စလင်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် စက်ရေတွင်းပါဝါမီတာ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စလင်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂ ဒသမ ၄၈၆ သန်းဖြင့် စက်ရေတွင်းကို ၁၀ ကီလိုဝပ်ပါဝါမီတာ တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို စက်ရေတွင်းမောင်းနှင်ရာ၌ ပါဝါမီတာကို စနစ်တကျအသုံးပြုရန်နှင့် ဆောင်ရွက်ပြီး လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ချောက်မြို့နယ် စလင်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေမှ သုံးစွဲခွင့်ရရှိသောငွေကျပ် ၂ ဒသမ ၄၈၆ သန်းဖြင့် စက်ရေတွင်းပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ နည်းပညာပံ့ပိုးမှုဖြင့် ယခုနှစ် ဧပြီ ၄ ရက်က စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည့်အတွက် ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေရရှိရေး စက်ရေတွင်းမောင်းနှင်ရာ၌ ဒီဇယ်အင်ဂျင်အစား ပါဝါမီတာဖြင့် မောင်းနှင်နိုင်မည်ဖြစ်၍ အသုံးစရိတ်လျော့ကျမည်ဖြစ်သည့်အပြင် ပတ်ဝန်းကျင်ဆူညံသံများ လျော့နည်းပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

➤ စာမျက်နှာ ၂၄မှအဆက်

"တောက်"

ရင်ထဲက ပွင့်ထွက်လာသောခံပြင်းစိတ်ကြောင့် ကျွန်တော်ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်မိပြီး အိမ်ထဲကိုပြေးဝင်သွားကာ အိမ်ခန်းဆီးတွင် ထိုးထားသော ဓားရှည်တစ်လက်ကိုကောက်ယူပြီး ခြံထဲကို ပြေးဆင်းလာလိုက်သည်။ ကျွန်တော့်အရိပ်အခြည်ကို ရိပ်စားမိသော ဇနီးသည်က နောက်မှအမြန်လိုက်လာပြီး-

"မလုပ်ပါနဲ့ ကိုခင်မောင်၊ ရှင်ပဲ ဒီအပင်တွေက ငါ့အသက်ဆို"

ဇနီးသည်က ဓားကိုလုရင်း ဖြေသိမ့်စကားဆိုနေသည်။

"ငါ့ကိုမတားနဲ့ မစိန်ငွေ။ ငါ့အသက်လောက်ချစ်ရတဲ့အပင်တွေမလို့ တခြားသူလက်ထဲ ရှော့ဆိုပြီးမထားခဲ့နိုင်လို့ငါလုပ်တာ ဖယ် ဝေးဝေးမှာနေ"

ဇနီးဖြစ်သူကိုတွန်းထုတ်ပြီး မြင်မြင်သမျှအပင်တိုင်းကို တရစပ်ခုတ်ပိုင်းနေမိသည်။ သဘော်၊ ဒန့်သလွန်၊ မာလကာ၊ ငှက်ပျောပင်များ၊ အသီးများသည် အပိုင်းပိုင်းပြတ်ကာ မြေပေါ်တွင် မြင်မကောင်းအောင် အတုံးအရုံးလဲကျကုန်ကျ၏။ ထွက်ပြူစနေရောင်အောက်တွင် ချွေးသံတရွှဲရွှဲကိုမျှ မသုတ်အားပဲ မည်မျှကြာအောင်ခုတ်ပိုင်းပစ်မိနေသည်ကို မသိခဲ့ပါ။ တအားမောဟိုက်လာ၍ ခဏထိုင်မိလိုက်ချိန်တွင် ကျွန်တော့်အသက်တစ်မျှချစ်ရသည့်ခြံလေးက စစ်ဘေးဒဏ်အလူးအလဲခံလိုက်ရသည့်မြို့ငယ်တစ်ခုပမာ ပျက်စီးသွားရပေပြီ။ ဇနီးဖြစ်သူမှာ ဒန့်သလွန်ပင်ငုတ်တိုလေးကိုဖက်ရင်း ရှိုက်ကြီးတငင်ငိုကြွေးနေသည်ကိုတွေ့ရသည်။

(၅)

အရှိန်ပြင်းပြင်းလျှောက်လှမ်းလာသောခြေလှမ်းများသည် အုပ်ချုပ်ရေးအရာရှိရုံးခန်းသို့ ရောက်ရှိသွားခဲ့သည်။ ကျွန်တော်သည် တင်းမာနေသောမျက်နှာကိုသတိဖြင့်ထိန်းရင်း-

"ဆရာ ကျွန်တော့်ဘက်ကအဆင်သင့်ဖြစ်ပြီ။ ကားကိစ္စ"

အုပ်ချုပ်ရေးအရာရှိက လက်ကာပြသဖြင့် ကျွန်တော့်စကားကို ရပ်လိုက်ရသည်။ အရာရှိက ကျွန်တော့်အားပြုံးပြလျက်-

"မလိုတော့ဘူး ကိုခင်မောင်။ ပြောင်းလာတဲ့ဝန်ထမ်းအသစ်က မြို့ထဲမှာ သူ့အမျိုးအဆွေတွေအိမ်ရှိလို့ အဲဒီမှာနေရင်းနဲ့ စက်ရုံဆင်းမယ်တဲ့ဗျာ။ အခုလေးတင် ကျွန်တော့်ကိုလာပြောသွားတယ်။ ခင်ဗျားဆီတောင် လူလွှတ်ပြီးပြောခိုင်းတော့မလို့။ ပစ္စည်းတွေသိမ်းမိနေမှာစိုးလို့လေ။ ခင်ဗျားမပြောင်းချင်သေးတဲ့အိမ် ခင်ဗျားပင်စင်ရတဲ့ထိဆက်နေတော့ဗျာ"

"ဗျာ ဆရာ ကျွန် ကျွန် ကျွန်တော်"

ကျွန်တော့်တစ်ကိုယ်လုံး လေထဲသို့မြောက်တက်ပြီး စကြဝဠာအပြင်ဘက်သို့ လွင့်စဉ်သွားချေပြီ။ ကျွန်တော့်စေတနာတရားသည် ကျွန်တော့်ကို ပြန်လည်၍ ထိုက်တန်စွာအကျိုးပေးခဲ့ပေပြီတကား။

စာအုပ်စာပေ လူ့မိတ်ဆွေ

# အေးအတူ ပူအမျှ အတူတကွ

## လင်းသွေးအိမ်(ကျိုက်မရော)

သုံးလူ့ထွတ်တင်ဗုဒ္ဓဘုရားရှင်သည် မေတ္တာတရားကို အဓိကထားသည်။ မေတ္တာဓာတ်ဖြင့် ၃၁ ဘုံသော ရှိရှိသမျှသတ္တဝါအားလုံးကို မေတ္တာလွှမ်းခြုံခဲ့သည်။ ကျွတ်ထိုက်သူ၊ မကျွတ်ထိုက်သူဟူ၍ အမျိုးအစား မခွဲခြားဘဲ မေတ္တာဖြင့်သာ ရှုမြင်ပါသည်။ ဗုဒ္ဓဝင်၌လည်း အောင်ခြင်းရှစ်ပါးတွင် မေတ္တာဖြင့်သာ အောင်နိုင်တော်မူခဲ့သည်ကို တွေ့ရသည်။

မေတ္တာတရားသည် အလွန်တန်ဖိုးကြီးမားကြောင်းကို ဗုဒ္ဓဝင်၌ ဘုရားရှင်ပြတော်မူခဲ့သည်။ မေတ္တာဖြင့် အောင်ခြင်းရှစ်ပါးကို ပြတော်မူရာတွင် ပထမအောင်ခြင်း၌ မာရ်နတ်ကိုလည်းကောင်း၊ ဒုတိယအောင်ခြင်း၌ အာဠာဝကဘီလူးကိုလည်းကောင်း၊ တတိယအောင်ခြင်း၌ နာဠာဂီရိဆင်ကိုလည်းကောင်း၊ စတုတ္ထအောင်ခြင်း၌ အင်္ဂုလိမာလကိုလည်းကောင်း၊ ပဉ္စမအောင်ခြင်း၌ စိဉ္စမာနမိန်းမယုတ်ကိုလည်းကောင်း၊ ဆဋ္ဌမအောင်ခြင်း၌ သစ္စကပရိဗိုဇ်ကိုလည်းကောင်း၊ သတ္တမအောင်ခြင်း၌ နန္ဒောပနန္ဒနဂါးမင်းကိုလည်းကောင်း၊ အဋ္ဌမအောင်ခြင်း၌ ဗကဗြဟ္မာကိုလည်းကောင်း မေတ္တာလက်နက်ဖြင့် အောင်မြင်တော်မူခဲ့သည်။ လောဘချင်း၊ ဒေါသချင်း၊ မောဟချင်း ပြိုင်တုတော်မမူသကဲ့သို့ လက်နက်ချင်းလည်း ယှဉ်ပြိုင်အနိုင်ယူမှု ကင်းခဲ့ပါသည်။ လူသတ္တဝါအားလုံးသည် ဘဒ္ဒကမ္ဘာမြေပြင်၌ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းသည်သာ လောက၏အလှတရားကို ဖန်တီးနိုင်ကြမည်ဖြစ်သည်။

လူသားဖြစ်စေ၊ အဟိတ်တိရစ္ဆာန်ဖြစ်စေ မိမိနေထိုင်ခိုလှုံကြီးပြင်းရာ ရှင်သန်ရာ အရပ်ဒေသများတွင် အချင်းချင်းအေးချမ်းညီညွတ်စွာ နေထိုင်ရမည်ဖြစ်သည်။ အေးချမ်းညီညွတ်စွာ နေထိုင်ရန်အတွက် တစ်ဦးနှင့်တစ်ဦး ထားရှိရမည့်မေတ္တာတရား လိုအပ်သည်။ မေတ္တာတရားခေါင်းပါးသောအရပ်၌ အေးချမ်းမှုကိုမရရှိနိုင်ပါ။ တစ်ဦးနှင့်တစ်ဦး မေတ္တာမဖက်ဘဲ မနာလိုဝန်တိုမှုများ၊ အမုန်းအာဃာတများ ပွားများနေလျှင် အေးချမ်းမှုအကျိုးရလဒ်ကို မည်သို့မျှခံစားကြရမည်မဟုတ်၊ မေတ္တာနှင့်ဆန့်ကျင်ရာအရပ်၌ အမုန်းတရားရှိသည်။ မေတ္တာနှင့်ဆန့်ကျင်ရာအရပ်၌ မနာလိုဝန်တိုမှုရှိသည်။ မေတ္တာနှင့် ဆန့်ကျင်ရာအရပ်၌ ရက်စက်ကြမ်းကြုတ်မှုရှိသည်။ မေတ္တာတရားနှင့် အလှမ်းကွာဝေးသောအရပ်ဒေသမှန်သမျှ တရားလက်လွတ်ပြုမှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လူမဆန်မှုများက ရှင်သန်ကြီးထွားနေမည်သာဖြစ်သည်။ လူသားအချင်းချင်း ကောင်းတူဆိုးဘက် အပြန်အလှန် လေးစားချစ်ခင်မှုဖြင့် အေးချမ်းသောလူ့ဘဝကို တည်ဆောက်ကြမည်ဖြစ်သည်။

အေးချမ်းခြင်း၊ တည်ငြိမ်ခြင်းဖြင့်သာ လူ့ဘောင်ဘဝကို တည်ဆောက်၍ရနိုင်ပြီး အေးချမ်းတည်ငြိမ်မှု မရှိလျှင် ပဋိပက္ခများစွာနှင့် ရင်ဆိုင်နေရမည်သာဖြစ်သည်။ အေးချမ်းမှု၊ သဟဇာတဖြစ်မှုအတွက် စည်းလုံးခြင်း၊ ညီညွတ်ခြင်းတို့ လိုအပ်ပါသည်။ သူတစ်လူ ငါတစ်မင်း တုဖက်ပြိုင်နေကြလျှင်မူကား ညီညွတ်ခြင်းနှင့် အေးချမ်းခြင်းဘဝကို ရရှိနိုင်မည်မဟုတ်ပါ။

ညီညွတ်ခြင်းနှင့်ပတ်သက်၍ ဗုဒ္ဓဝင်၌ ဘုရားလောင်းသည် ငုံးမင်းဘဝနှင့် ငုံးအပေါင်းကို ခြံရံကာ တောအုပ်ကြီးတစ်ခု၌ အစာရှာထွက်၍ နေတော်မူသည်။ ငုံးအပေါင်းတို့သည် အေးချမ်းစွာဖြင့် အစာစားနေကြသည်။ ထိုငုံးအပေါင်းကို ဖမ်းဆီးလိုသည့် ငှက်မုဆိုးက ငုံးများအစာစားနေစဉ် ရုတ်တရက် ပိုက်ကွန်ဖြန့်ကာ ဖမ်းဆီးလေတော့သည်။ ပိုက်ကွန်ထဲရောက်ရှိကုန်သော ငုံးအပေါင်းသည် ကြောက်ရွံ့ထိတ်လန့်စွာဖြင့် ပိုက်ကွန်အနှောင်အဖွဲ့မှလွတ်မြောက်စေရန် ရုန်းကန်ကြလေတော့သည်။ တစ်ကောင်ချင်း၊ တစ်ကောင်ချင်း ပိုက်ကွန်ထဲမှ လွတ်ရာလွတ်ကြောင်းကို သူထက်ငါ ကြိုးစားရုန်းကန်ကြပါသော်လည်း ခွန်အားများသာဆုံးရှုံး၍ ခြေကုန်လက်ပန်းကျကာ ရှိနေချေတော့သည်။ ဤအခြင်းအရာကို ဘုရားလောင်းငုံးမင်း သိမြင်တော်မူသောအခါ ငုံးအပေါင်းကို ဤသို့မိန့်လေသည်။ အမောင်ငုံးအပေါင်းတို့ သင်တို့ ဤကဲ့သို့ သူတစ်လူငါတစ်မင်းဖြင့် ကိုယ်တစ်ကောင်တည်း လွတ်ရာလွတ်ကြောင်းကို ရှာ၍ ရုန်းကန်နေခြင်းက အချည်းနှီးသာဖြစ်ပေလိမ့်မည်။ စုပေါင်းညီညွတ်အားကိုသုံး၍ ဤပိုက်ကွန်အနှောင်အဖွဲ့မှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကို သုံး၍ လွတ်မြောက်မှုကို ရှာကြံကြပေလော့ဟု ငုံးအပေါင်းကို နည်းလမ်းပေးတော်မူသောအခါ ငုံးအပေါင်းကလည်း ဘုရားလောင်းငုံးမင်း မိန့်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြလေသည်။ ပိုက်ကွန်၏နှုတ်ခမ်းစကို နှုတ်သီးဖြင့် ကိုက်၍ ညီညွတ်စွာပျံသန်းကြသောအခါ ပိုက်ကွန်သည် လေထဲ၌မြောက်တက်ပြီး ငုံးအပေါင်းပိုက်ကွန်ထဲမှ လွတ်မြောက်သွားကြလေတော့သည်။

**❖ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံဖြစ်သည်နှင့်အညီ နူးညံ့ပျော့ပျောင်းသောစိတ်ဓာတ်ဖြင့် လူတစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အေးအတူ ပူအမျှ နေထိုင်ကြခြင်းသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသကဲ့သို့ တရားဓမ္မသံများ၊ သာသနာပြုခြင်းပုံရိပ်များ၊ အလှူအတန်းပေးဝေခြင်းများ စသည့်ပြယုဂ်များသည်လည်း ဗုဒ္ဓဘာသာဝင်တို့၏ ကြည်နူးဖွယ်ကောင်းသော အကျင့်လက္ခဏာများဖြစ်သည်။ ၎င်းတို့ကို မြင်တွေ့ကြသော ကမ္ဘာ့နိုင်ငံကြီးများက မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့၏ အကျင့်လက္ခဏာများကို နှစ်ခြိုက်သဘောကျ၍ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ကြသည့် သာဓကများရှိခဲ့သည်။ ❖**

ညီညွတ်ခြင်းသည် အင်အားဖြစ်၍ ညီညွတ်မှုသာ လက်ရှိမိမိတို့ကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်သည်။ အချို့သောပြဿနာများသည် မိမိတစ်ဦးတည်း၊ မိမိ မိသားစုတစ်စုတည်း ဖြေရှင်း၍ မရနိုင်သည်များရှိသည်။ လက်ရှိဒေသတချို့၌ တွေ့ကြုံနေရသောပြဿနာများကိုလည်း ထိုသို့စုပေါင်းညီညွတ်မှုအားဖြင့်သာ ပြီးမြောက်နိုင်ပါမည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုကို အခြေတည်၍ တိုင်းရင်းသား ၁၃၅ မျိုးဖြင့် ဖွဲ့စည်းတည်ရှိသော မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဒေသအလိုက်၊ လူမျိုးအလိုက် မိမိတို့နေထိုင်ရာအရပ်ဒေသ၌ အမှောင့်ပယောဂကင်းရှင်းစွာဖြင့် အေးအတူပူအမျှ အတူတကွ နေထိုင်လာခဲ့ကြသည်။ လူမျိုးအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်၍ ဒေသဖွံ့ဖြိုးရေး တိုင်းရင်းသားလူမျိုးစုနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို တတ်နိုင်သည့်ဘက်က တတ်နိုင်သလောက် စွမ်းဆောင်ပေးခဲ့သည်မှာ ရာစုတော်တော်များပင် ရှိခဲ့လေပြီဖြစ်သည်။ ယဉ်ကျေးမှုရိုးရာဓလေ့ထုံးတမ်းများအပေါ် ကိုယ်ပိုင်အသိစိတ်နှင့် ထိန်းသိမ်းလုပ်ခဲ့ကြသကဲ့သို့ ကိုးကွယ်ရာဘာသာအလိုက် ယုံကြည်ကိုးကွယ်မှုဆိုင်ရာများကို လွတ်လပ်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်ကိုလည်း တွေ့မြင်ခဲ့ကြရပါသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ် တစ်ခုနှင့်တစ်ခုကို ဒေသအလိုက် ထွက်ကုန်များ ရောင်းဝယ်ဖောက်ကားကြခြင်းဖြင့် အေးအတူ ပူအမျှ နေထိုင်ခဲ့ကြသည်။ ဒေသတစ်ခုနှင့်တစ်ခု သွားရေးလာရေးလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုများ မြန်ဆန်မှန်ကန်စေရန်အတွက် သက်ဆိုင်ရာနိုင်ငံတော်အစိုးရပိုင်းများကလည်း လမ်း၊ တံတားများကို စီမံကိန်းများချ၍ တည်ဆောက်ဖောက်လုပ်ပေးသည်။

နိုင်ငံတော်အေးချမ်းမှ ပြည်သူတို့ဘဝသည်လည်း လုံခြုံစိတ်ချရမည်ဖြစ်သည်။ ပြည်တွင်းဆူပူမှုရှိလျှင် တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ပြည်သူအားလုံး ကိုယ်စိတ်နှလုံးသုံးပါးကို ထိခိုက်စေမည်ဖြစ်သည်။ ပြည်တွင်းတည်ငြိမ်မှုကင်းမဲ့သော ကမ္ဘာ့နိုင်ငံတချို့တွင်လည်း စစ်ဘေးစစ်ဒဏ် အကြမ်းဖက်ခံရမှုဒဏ်များကို ခံစားကြရပြီး ယာယီနေရပ်စွန့်ခွာသူများ ဒုက္ခပေါင်းစုံ ခံစားကြရသည်။ နေရပ်ဒေသကို စွန့်ခွာကြရသော ယာယီနေရပ်စွန့်ခွာသူများ၏ ဒုက္ခသည်လည်း ပြောမပြတတ်အောင် ကြီးမားကြသည်ကို တွေ့ရသည်။ နေရေး၊ စားရေး၊ ဝတ်ရေးနှင့် ယာယီ နေရပ်စွန့်ခွာသည့် ဒေသအတွင်းကျရောက်လာမည့် အနာရောဂါများ၏ ဘေးများသည်လည်း အလွန်ကြောက်မက်ဖွယ်ကောင်းလှပါသည်။ အရွယ်မရောက်သေးသည့် ကလေးငယ် လူမမည်ကလေးများ၊ အိုမင်းမစွမ်းဖြစ်နေကြသည့် အဘိုး၊ အဘွားများ၊ ကိုယ်အင်္ဂါချို့တဲ့သည့်သူများ အတွက် ယာယီနေရပ်စွန့်ခွာရခြင်းဒုက္ခကို စာနာမြင်တွေ့ကြရမည်ဖြစ်သည်။ မိမိ မိသားစုများ ဤကဲ့သို့ ခံစားရသည်ရှိသော်ဟူသော စာနာစိတ်၊ ကိုယ်ချင်းစာစိတ်များကိုလည်း မွေးမြူကြရမည်သာဖြစ်သည်။

ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံဖြစ်သည်နှင့်အညီ နူးညံ့ပျော့ပျောင်းသောစိတ်ဓာတ်ဖြင့် လူတစ်ဦးနှင့် တစ်ဦး ချစ်ကြည်ရင်းနှီးစွာ အေးအတူပူအမျှ နေထိုင်ကြခြင်းသည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသကဲ့သို့ တရားဓမ္မသံများ၊ သာသနာပြုခြင်းပုံရိပ်များ၊ အလှူအတန်းပေးဝေခြင်းများ စသည့်ပြယုဂ်များသည်လည်း ဗုဒ္ဓဘာသာဝင်တို့၏ ကြည်နူးဖွယ်ကောင်းသော အကျင့်လက္ခဏာများဖြစ်သည်။ ၎င်းတို့ကိုမြင်တွေ့ကြသော ကမ္ဘာ့နိုင်ငံကြီးများက မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့၏ အကျင့်လက္ခဏာများကို နှစ်ခြိုက်သဘောကျ၍ မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ကြသည့်သာဓကများ ရှိခဲ့သည်။

အထူးသဖြင့် မြန်မာနိုင်ငံ၏လှပသော သဘာဝရှုခင်းများ၊ မြန်မာလူမျိုးတို့ အထွတ်အမြတ်ထားရာ ရွှေတိဂုံစေတီ၊ ရှေးဟောင်းပုဂံဘုရားများအပြင် အခြားတန်ခိုးကြီးဘုရားများကို ဖူးမြော်လေ့လာရန် မြန်မာနိုင်ငံသို့ အလည်အပတ်လာရောက်ကြခြင်းဖြစ်သည်။ ဒေသတွင်းတည်ငြိမ်မှု၏ အကျိုးရလဒ်ကား နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ခြင်း၊ ဘာသာသာသနာ ထွန်းကားခြင်းနှင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ကမ္ဘာက စိတ်ဝင်စားမှုခံရခြင်းဖြင့် မြန်မာ့ဂုဏ်ကိုမြှင့်တင်နိုင်ပါသည်။ ထိုသို့မြှင့်တင်နိုင်ရန်အတွက် ပြည်တွင်း၌ အေးချမ်းမှုရှိရမည်ဖြစ်သည်။ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကလည်း မေတ္တာတရား လက်ကိုင်ထားကာ အမှောင့်ပယောဂကင်းရှင်းစွာဖြင့် အေးအတူ ပူအမျှ အတူတကွ နေထိုင်နိုင်ရေး ကြိုးစားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

**ကိုးကား**

– **ငါးရှင်ငါးဆယ် နိပါတ်တော်။**

# တန့်ယန်းမြို့တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ရုံးလုပ်ထုံးလုပ်နည်းနှင့်ဘဏ္ဍာရေးသင်တန်းဆင်းပွဲ ကျင်းပ

**တန့်ယန်း ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ခရိုင်၊ မြို့နယ်တို့၌ တာဝန်ထမ်းဆောင်လျက်ရှိသောဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ရုံးလုပ်ထုံးလုပ်နည်းနှင့်ဘဏ္ဍာရေးသင်တန်းဆင်းပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချပေးခဲ့သော သင်ခန်းစာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူရန်နှင့် လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ ပြန်လည်အသုံးချကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ အသီးသီး ပေးအပ်ကြသည်။

အဆိုပါဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ရုံးလုပ်ထုံးလုပ်နည်းနှင့်ဘဏ္ဍာရေး သင်တန်းသို့ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်၊ မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနများမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ရုံးလုပ်ငန်းလက်စွဲဘာသာရပ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဘာသာရပ်၊ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းဘာသာရပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ဖြင့် ၁၄ ရက်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးခဲ့ကြောင်း တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနမှ သိရသည်။

**နီလာ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ခြင်းအကျိုး

သားသားမီးမီးတို့ရေ ဟိုးရှေးရှေးတုန်းက ရွာတစ်ရွာမှာ မယ်ခွေဆိုတဲ့ကောင်မလေး တစ်ယောက်ရှိသတဲ့ကွယ်။ မယ်ခွေဟာ အဲဒီရွာက သူဌေးကြီးတစ်ယောက်ရဲ့အိမ်မှာ အိမ်အကူ အလုပ်လုပ်တယ်ပေါ့ကွယ်။

သူဌေးကြီးနဲ့ သူဌေးကတော်ကြီး လိုအပ်သမျှ အသုံးအဆောင်ကို ရွာဈေးမှာ အမြဲဈေးဝယ်ပေးရသတဲ့ကွယ်။ ဟင်းချက်စရာဟင်းသီးဟင်းရွက်နဲ့ သားငါးမျိုးစုံပေါများလှတဲ့ မယ်ခွေတို့ရွာဈေးတန်းကလေးဟာ အင်မတန်မှစည်ကားတာပေါ့။ တစ်နေ့မှာ အိမ်ရှင်သူဌေးကြီးက အလုပ်ကိစ္စတစ်ခုနဲ့ မြို့ပေါ်ကိုခရီးထွက်သွားသတဲ့ကွယ်။ အိမ်မှာကျန်ခဲ့တဲ့သူဌေးကတော်ကြီးရဲ့လိုအပ်ချက်မှန်သမျှကို လိုအပ်မှုမရှိအောင် လုပ်ကိုင်ပေးဖို့ကိုလဲ မယ်ခွေနဲ့ အိမ်မှာရှိကြတဲ့အလုပ်သမားအားလုံးကို မှာထားခဲ့သတဲ့ကွယ်။

ဒီလိုနဲ့ မယ်ခွေဟာ မနက်စောစောထပြီး ဆွမ်းတွေချက်၊ ဘုရားပန်းတွေအသစ်လဲပြီး သူဌေးကတော်ကြီးနိုးလာရင် အဆင်သင့်ဘုရားရှိခိုးဖို့အတွက် အမြဲပြင်ဆင်ပေးသတဲ့ကွယ်။ ကိုယ့်ထက်အသက်အရွယ်ကြီးရင့်သူတွေအပေါ်မှာလဲ ရိုသေကိုင်းရှိုင်းစွာ ပြောဆိုဆက်ဆံတတ်သေးသတဲ့ကွယ်။ အဲဒီလို အသက်အရွယ်ကြီးရင့်သူတွေအပေါ် ရိုသေလေးစားစွာဆက်ဆံတတ်တဲ့ မယ်ခွေလေးခမျာ တစ်နေ့မှာ အကုသိုလ်ဆိုးတစ်ခု ဝင်လာသတဲ့ကွယ်။

အိမ်ရှင်သူဌေးမကြီးရဲ့အိမ်မှာ ပတ္တမြားလက်စွပ်ပျောက်သွားလို့တဲ့ကွယ်။ မင်္ဂလာဦးပစ္စည်းကလေးဖြစ်တာကြောင့် သူဌေးမကြီးက တအားတန်ဖိုးထားတာပေါ့။ လက်စွပ်ပျောက်တယ်ဆိုရင်ပဲ သူ့အိမ်မှာရှိတဲ့မယ်ခွေလေးနဲ့တကွ အလုပ်သမားအားလုံးကိုခေါ်ပြီး ဆူပူကြိမ်းမောင်းသတဲ့ကွယ်။ သူရဲ့ပတ္တမြားလက်စွပ်ကို တစ်လအတွင်း ပြန်မရရင် အကုန်လုံးကိုတရားစွဲမယ်လို့လဲ ကြိမ်းဝါးလိုက်သတဲ့ကွယ်။ ပတ္တမြားလက်စွပ်ခိုးတဲ့သူကို ရှာဖွေနိုင်ရင် ရှာဖွေနိုင်တဲ့သူကိုလဲ ငွေအသပြာ ဆုချမယ်လို့ ပြောလိုက်သတဲ့ကွယ်။

ပတ္တမြားလက်စွပ်ကြီးပျောက်တဲ့နေ့ကစပြီး သူဌေးကတော်ကြီးအိမ်မှာရှိကြတဲ့ အလုပ်သမားတွေအားလုံး ကိုယ့်သူမယုံ၊ သူ့ကိုယ့်မယုံနဲ့ အချင်းချင်းစိတ်ဝမ်းတွေကွဲလာကြတာပေါ့ကွယ်။ အရင်က ပျော်ပျော်ရွှင်ရွှင်နဲ့နေထိုင်လာကြတဲ့ သူဌေးကတော်ကြီးအိမ်မှာ အခုလို မသင်္ကာစရာကိစ္စတွေဖြစ်လာတော့ မယ်ခွေလေးခမျာ စိတ်ကြည်လင်လန်းဆန်းမှုမရှိတော့ဘူးတဲ့ကွယ်။

ဒီလိုနဲ့ သူဌေးမကြီးအိမ်ကအလုပ်သမားတွေ တစ်ယောက်နဲ့တစ်ယောက် သံသယမျက်လုံးတွေနဲ့ စောင့်ကြည့်နေလိုက်တာ ညနေမိုးချုပ်ချိန်ကို ရောက်လာသတဲ့ကွယ်။ မယ်ခွေလေးလဲ မိုးချုပ်ခါနီးပြီဖြစ်တာကြောင့် ကိုယ့်အခန်းကိုပြန်ပြီး ဘုရားရှိခိုးဖို့ပြင်ဆင်သတဲ့ကွယ်။ သူဌေးကတော်ကြီးရဲ့ပတ္တမြားလက်စွပ်ခိုးတဲ့သူ အမြန်ပေါ်ပေါက်ဖို့အတွက် ဘုရားမှာ အဓိဋ္ဌာန်ပြုပြီး သစ္စာဆိုသတဲ့ကွယ်။



"တပည့်တော်မဟာ လူမှန်းသိတတ်စအရွယ်ကစပြီး မြတ်စွာဘုရားနှင့်တကွ သံဃာတော်အရှင်မြတ်တို့အား အမြဲရှိသေခဲ့ပါ၏။ ကိုယ့်ထက်အသက်အရွယ်ကြီးသူတွေအပေါ် ပြောဆိုဆက်ဆံရာမှာလဲ ရိုရိုသေသေလေးလေးစားစားဆက်ဆံခဲ့ပါ၏။ ဤမှန်ကန်သောသစ္စာစကားကြောင့် ပတ္တမြားလက်စွပ်ခိုးသူ အမြန်ပေါ်ပေါက်ပါစေဘုရား"လို့ သစ္စာဆိုသတဲ့ကွယ်။

ဒီလိုနဲ့ မယ်ခွေလေးဘုရားရှိခိုးပြီး အိပ်ရာဝင်သတဲ့ကွယ်။ မယ်ခွေလေး အိပ်ရာထဲမှာ တုံးလုံးလှဲနေတုန်း ကြောင်ကလေးတစ်ကောင် သူ့အနားရောက်လာတယ်ပေါ့။ ခဏကြာတော့ ကြောင်ကလေးက လည်ကိုစင်းပြီးအန်သတဲ့ကွယ်။ အဲဒီလို ကြောင်ကလေးအန်လိုက်တဲ့အချိန်မှာ ကြောင်ကလေးရဲ့ဝမ်းဗိုက်ထဲက ပတ္တမြားလက်စွပ်ထွက်ကျလာသတဲ့ကွယ်။ ဒီလိုနဲ့ မယ်ခွေလေးလဲ တအားဝမ်းသာသွားပြီး ဖြစ်ကြောင်းကုန်စင်ကို သူဌေးကတော်ကြီးကို ပြောပြလိုက်သတဲ့ကွယ်။ အဲဒီညကစပြီး သူဌေးကတော်ကြီးအိမ်မှာ အလုပ်လုပ်ကြတဲ့သူတွေအားလုံးက မယ်ခွေလေးကို ကျေးဇူးတင်ကြောင်း ဝိုင်းပြောကြသတဲ့ကွယ်။

ကလေးတို့ရေ ဒီပုံပြင်ကလေးမှာ မယ်ခွေဆိုတဲ့ကလေးမလေးက သူတစ်ပါးပစ္စည်းကို မခိုးမဝှက်လိုချင်တပ်မက်မှုလဲမရှိတဲ့အပြင် ရိုးသားဖြောင့်မတ်တဲ့မိန်းကလေးတစ်ယောက်ပီပီ ယုံကြည်မြတ်နိုးစွာနဲ့ ဘုရားရှိခိုးရင်း သစ္စာဆိုလိုက်တာပါကွယ်။

ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိခြင်းတို့က လူတစ်ယောက်ကို အစဉ်အမြဲစောင့်ရှောက်တတ်ပြီး အခက်အခဲကြုံလာရင်လဲ ပြေလည်သွားစေနိုင်တယ်ဆိုတာ ဒီပုံပြင်ကလေးကို နားထောင်ပြီး သိမှတ်ထားရမယ်နော်။ ကလေးတို့ ရွှင်လန်းချမ်းမြေ့ကြပါစေကွယ်။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

# မြန်မာ့လက်ဖက်ရည်ဝိုင်း

◆ မြန်မာမှုမို့ ချစ်စဖွယ်
လက်ဖက်ရည်ဝိုင်းလေးကွယ်။

◆ ဓလေ့နွေးလို့ ချစ်စရာ
ယဉ်ကျေးသိမ်မွေ့စွာ။

◆ ထန်းလျက်ချိုရယ် လက်ဖက်မွှေး
တည်ခင်းညှော်ခံကျွေး။

◆ စကားချိုသာ ညှော်ဝတ်ပြု
မြန်မာ့ယဉ်ကျေးမှု။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**



# ကောက်စိုက်ချိန်

◆ မိုးသံကြားလို့ လယ်သမားတွေ
ထွန်တုံးပြင်လို့နေ၊
လယ်ယာမြေကို ထွန်ကာယက်
စပါးစိုက်ပျိုးလျက်။

◆ ကန်သင်းထက်က တကြော်ကြော်
ဖားကလေးများအော်၊
ကောက်စိုက်အဖော် လယ်သူမ
အိမ်ပြန်ဖို့ရန် ပြင်ဆင်ကြ။
မှောင်ရီပျိုးကာစ။

**ချစ်သက်(မြန်မာစာ)**









## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ တရုတ်စု အ. လ. က(ခွဲ)၊ Grade-1 တွင်ပညာသင်ကြားနေသော မအိမ့်ချမ်းမြမိုး ၏အမည်မှန်မှာ မရွှေယမင်း ဖြစ်ပါကြောင်း။

မရွှေယမင်း

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ၆၀×၆၁လမ်းကြား၊ ၃၃×၃၄ လမ်းကြားနေ နိုင်ယုဆွေ (ဘ) ဦးသန်းဆွေ (၉/မရတ(နိုင်)၁၃၀၁၂၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-145862)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၇၈၈၈၁၂၉

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ စိုက်ခင်း(အနောက်)နေ တင်နွယ်ခိုင် (ဘ) ဦးဟန်ရွှေ (၉/ပကခ(နိုင်)၀၁၆၇၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-717223)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၄၆၄၄၅၂၃

## ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ စိုးကျော်အောင် (ဘ) ဦးဖုန်းအောင် (၁၄/ပတန(နိုင်)၁၆၂၃၀၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-611304)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၈၀၃၀၇၂၈

သင့်သွေးဖြင့် အသက်ကယ်ပါ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၁၅ | ၂၀၆၅ | ၂၀၆၀ | ၂၀၂၅ | ၂၀၆၅ | ၂၀၈၅ | ၂၀၇၀ | ၂၀၅၀ | ၂၁၄၅ | ၂၁၆၅ | ၂၀၅၅ | ၂၀၆၅ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၅ | ၂၃၃၅ | ၂၇၀၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၉၀ | ၂၁၅၀ | ၂၁၉၀ | ၂၂၁၅ | ၂၂၀၀ | ၂၁၇၅ | ၂၂၇၅ | ၂၂၉၀ | ၂၁၈၀ | ၂၂၀၀ | ၂၂၂၅ | ၂၂၃၀ | ၂၂၃၀ | ၂၄၆၀ | ၂၈၀၀ |
| HSD (500 ppm) | ၁၉၉၀ | ၂၀၄၀ | ၂၀၃၅ | ၁၉၉၅ | ၂၀၃၅ | ၂၀၆၀ | ၂၀၅၅ | ၂၀၂၀ | ၂၁၄၀ | ၂၁၃၅ | ၂၀၃၀ | ၂၀၄၀ | ၂၀၇၅ | ၂၀၇၅ | ၂၀၈၀ | ၂၃၀၅ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၈၅ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၇၀ | ၂၁၂၀ | ၂၁၁၅ | ၂၀၇၅ | ၂၁၁၅ | ၂၁၄၀ | ၂၁၃၅ | ၂၁၀၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၀ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၈၅ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၁ | ၁၉၈၂ |
| 95 Ron | ၂၀၃၃ | ၂၁၀၇ |
| HSD (500 ppm) | ၁၈၈၈ | ၁၉၅၆ |
| HSD (50 ppm) | ၁၉၆၂ | ၂၀၃၁ |
| HSD (10 ppm) | ၁၉၆၂ | ၂၀၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့်လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ ဒေသတွင်း ဆန်ဖူလုံမှုရှိရန်လည်း တစ်ကေချင်းအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ Eating Quality ကောင်းမွန်သည့် အထွက်တိုးစပါးများကိုလည်း စိုက်ပျိုးရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပူတာအိုမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးတို့ ခန့်အပ်တာဝန်ပေး**

စာမျက်နှာ - ၂၀



**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူစက္ခုဒါန ဆေးရုံတော်ကြီး၌ ဆက်လက်၍ မျက်စိဝေဒနာရှင်များကို အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိ**

စာမျက်နှာ - ၂၂

# မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ်ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကျင်းပ၊ ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၁၇**

မိုခါမုန်တိုင်းသဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ဆက်လက်ကျင်းပရာ ပရိသတ်များက တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲမစတင်မီ အနုပညာရှင်များစွာ ပါဝင်သော ဖျော်ဖြေရေးအစီအစဉ်ဖြင့် ညှိခံရာ ရန်ပုံငွေပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်သူများက သောင်းသောင်းဖြဖြအားပေးကြသည်။

ယနေ့ ဗိုလ်လုပွဲစဉ်အဖြစ် ရုပ်ရှင်အသင်း(MOVIE FC)နှင့်ဂီတအသင်း(MUSIC FC)၊ တတိယနေရာလုပွဲအတွက် ညွှန့်ပေါင်းအသင်း(OLD STAR)နှင့် FOREVER FC အသင်းတို့ စာမျက်နှာ ၂၂ ကော်လံ ၁ ☆



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လေးပွင့်ဆိုင်ရန်ပုံငွေဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဂီတအသင်း(MUSIC FC)ကို ဆုပေးအပ်ချီးမြှင့်စဉ်။

**သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ - ၂၀

**ကရင်ပြည်နယ် ကော့ကရိတ်မြို့နှင့် မွန်ပြည်နယ် သိမ်ဇရပ်မြို့များအတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLAအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ တစ်ဦး သေဆုံး၊ လေးဦး ဒဏ်ရာရရှိခဲ့**

စာမျက်နှာ - ၂၃


OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill)

မြန်မာပြည်တွင်ထုတ်လုပ်သည်

သကြားဖြူ White Sugar